KURENAI : Kyoto University Research Information Repository

Title	Royal Orders of Burma in Burmese(pp.319-585)
Author(s)	
Citation	THE ROYAL ORDERS OF BURMA, A.D. 1598-1885 (1987), 6: 319-853
Issue Date	1987
URL	http://hdl.handle.net/2433/173880
Right	
Type	Departmental Bulletin Paper
Textversion	publisher

Kyoto University

သန့်စင်ပန်း တော်ရွှေနန်း တော်သို့မဆက်မသွင်း သေး သည်ကိုမင်း သားများ အိမ်သို့ပန်း ရောက် ကြောင်း ကို ရွှေနား တော်ကြား တော်မူသည်၊ ကိုဝန်ကိုတန်းမှာထား၊ ပန်းဆက်လိုသူတို့ကိုရ အောင် တောင်း၊ ကျိုဝန် မင်း ကျော်ရွှေ တောင်ကိုတန်းက လွှတ်၊ နှစ်စင်း တွဲပြည်ကြီး မွန် ဘောင် တော် ဟောင်း မှာသကြား ရုပ် ဂဠုန် ရုပ်ပိုတန်ဆာ များ ကိုသိမ်း၍တ စင်း ချင်း နဂါး ရုပ် ဘောင်နှစ်လုပ်စေ၊ ၁၇ လံ လှော်ကား နှစ်စင်း မှာအိမ်ရှေ့မင်း ပြည်မင်း တို့တက်ကျွေး ပေး စေ၊ နောက်ခင်း သည့် ၁၇ လံ လှော်ကား နှစ်စင်း မှာ တောင်ငူမင်း ပုဂံမင်း တို့ တက်ကျွေး ပေး စေ၊ စကိုင်း မင်း လှော်ကား တော်မှာ စကိုင်း မင်း တက်ကျွေး ပေး၍ သံတော်ဆင့် ဇေယကျော်ထွာ ကိုကြပ်မလုပ်ဆောင်စေ။

1. January 1807

သက္ကရာဇ် ၁၁၆၈ ခုပြာသိုလပြည့်ကျော် ၉ ရက် နေ့နား ခံရာဇ နော်ရထာ ထွင်ပြန်။

(ရှေး ဟောင်း သုတေသန၊ အုပ်ချုပ်ပုံ၊ စာ၊ ၁၉၇၆၊ ပိုဒ် ၅၂၉/၅၊ စါ ၂၀၉)

ရာဇမဏိစူဠာဘုရား ကျွန်သီး တော်အကြီး သန္ဒါသူရ ဒေဝပါနီတို့ကအုပ်စုငယ်
သား ငအောင်ထွန်း ငတုတ်ကြီး ငမြတ် ငသာထွန်း တို့နှင့်လူ ၁၀၀ ငကျော်
သား တို့မင်း ကျွန်ဖြစ်လိုသည်၊ အသီး အသီး ကပ်နိုကြ၍ဘုရား မှူးများ ထွင်ခန့်
ထား မရရှိခဲ့သည့်အကြောင်း နှင့်ရှိနိုး သံတော်ဦး တင်သော ကြောင့်လက်ခံသူ
ခေါင်း နှင့်တကွ စါထိုး ၍အပ်မည်ရှိသည်တွင်သန္ဒါသူရ ဒေဝပါနီတို့ကိုလွှတ်တော်ကစစ်
ကြော၍ရာဇမဏိစူဠာဘုရား ရှင်ကျွန်သီး တော်ထမ်း ရွက်မြဲ (သက္ကရာဇ် ၁၁) 1783
၄၅ ခုစာရင်း ပါ ၁၈၀ ပါဝင်ပါသည်၊ စာရင်း မပါလူ ၂၂၀ မှာလက်ရှိထမ်း ရွက်
နေသူ ၁၂၀ အသီး အသီး ကပ်နိုသူ ၁၆၀ ဖြစ်ပါသည်၊ စာရင်း မဝင်လူစုမှာ စာ
ရင်း တော်ကိုဖြည့်သွင်း ၍ ကျောက်စာမှာ သွတ်သွင်း ထမ်း ရွက်ပါရမှ အစဉ်ငြိမ်
ဝပ်နိုင်ပါမည်၊ ငစ်ချက်ကိုဆက်သွင်း သည့်အတိုင်း စာရင်း မပါမဝင်ကျွန်လပ်သူတို့
မှာဘုရား ကျွန်သီး တော်စာရင်း ကျောက်စာ များ တွင်ဖြည့်သွင်း စေ၊ ဖြတ်စါ
ရှိသည်မဆို စေနှင့်၊ ဖြတ်စာရှိလျှင်သိမ်း ၊ ကပ်နိုသူတို့ကိုလည်း ကျွန်သီး တော်အကြီး
တို့ပို့ပေး အပ်ထမ်း ရွက်စေ၊ ခန္တီစော်ဘွား လူငကျော်ထွန်း စစ်မေး ထွက်ဆို
ချက်ကို ထောက်၍ ခန္တီစော်ဘွား သို့ တော်သင့်အောင်မှာထား ပြီး လျှင်ငအောင်
လှကိုခန္တီစော်ဘွား လူငကျော်ထွန်း နှင့်အတူခန္တီမြို့သို့ခန့်ထား သွား စေ။

2 January 1807

သက္ကရာဇ် ၁၁၆၈ ခုပြာသိုလပြည့်ကျော် ၁၀ ရက် နေ့နား ဥဘယကျော်ထင်
ထွင်ပြန်။

(ရှေး ဟောင်း သုတေသန)

ပျော်ဘွယ်ရွာ နေငြိုင် ငအိုင်တို့ကိုသိမ်း ရုံး ရာမပါစေနှင့်၊ ရုပ်သေး ဆရာ ငသော်သို့အပ်၍ ငသော်နှင့်ထမ်း ရွက်စေ။

3 January 1807

သက္ကရာဇ် ၁၁၆၈ ခုပြာသိုလပြည့်ကျော် ၁၁ ရက် နေ့နား ခံ ငပါတွင်ပြန်။

(ရှေး ဟောင်း သုတေသန)

မိုင်း သွပ်တပ် တော်ကလာသူတို့ကိုတပ် တော်သို့ပြန် စေ၊ မဟာဝန်ညီမတ်ဝန်အမတ် ထောက်အိန္ဒစက်ယိုး ဒယား အမတ်ဘယား ပိန်ပိဆန်တို့နှင့်ဆက်သရန်ပါသည့်လက် ဆောင် တော်များ ကို ရွှေဘဝါး တော်မြှတ် အောက်လာ၍ဆက်သ စေ၊ မဏိပူရမြို့ က ရောက်သည့်လူ ၂ ကိုကျွဲဝန်အိမ်သို့လွှတ်ကသင့်ရာလူနှင့်လိုက် စေ၊ ရာဇဝတ် တော် ပေး သည့်အဆောင်မြဲများ မတ်တို့ကိုနန်း တော်သို့မဝင် စေနှင့်၊ ဘွဲ့အမည်အစီး အနင်း အဆောင်အရွက်စား ကျေး မြို့ရွာအရာအထူး ကိုမှတ်။

4 January 1807

သက္ကရာဇ် ၁၁၆၈ ခုပြာသိုလပြည့်ကျော် ၁၂ ရက် နေ့နား ခံစ မြောင်မှူး ထွင်ပြန်။

(ရှေး ဟောင်း သုတေသန)

အိပ်လှည့်အိပ်ဘန်ကိုအမှန်အကန်မဝင်မထွက် သော ကြောင့်ရာဇဝတ် တော် ပေး သည့်လူတစုကို ရွှေပြည်စိုး သို့အပ်၍ထမ်း ရွက် စေ၊ မင်း ကွန်း တွင်လည်း မနေကြ စေနှင့်၊ မင်း ကွန်း တွင်သင်း တို့အိမ်များ ကိုလည်း ဖျက်ဆီး သိမ်း စေ၊ လက်ဝဲ ဝင်း မှူး လက်ျာဝင်း မှူး တို့မှာလည်း အိပ်လှည့်အိပ်ဘန်မပြတ်ဝင်ထွက်စစ်ကြော ရမည်ဖြစ်လျက်မစစ်မကြော ပေါ့လျော့သူများ ဖြစ်သည်၊ ဝင်း မှူး အရာကနှုတ်၊ မင်း ကွန်း တွင်လည်း မနေ စေနှင့်၊ ရွှေမြို့တော်သို့သွား စေ၊ ဝင်း မှူး အစား တော်သင့်သူကို ရွေး ၍ခန့်၊ နန်း တော်တွင်မြဲစွဲထမ်း ရွက်မည့်သူတို့ကိုလည်း စကိုင်း မင်း တောင်ငူမင်း ပုဂံမင်း ပုခန်း မင်း မိုး ဗိတ်မင်း တို့လွှတ်သို့တက် ပြီး လျှင်ဘုရားသား တို့နှင့်လွှတ်ရုံး က တော်သင့်သူတို့ကို ရွေး ချယ်၍သွင်း စေ၊ ငကျော် ငလွှမ်း တို့ကအမိန့်တော်နှင့်လှေကြီး ၂၀ လှေငယ် ၁၀၀ တောက်ကား ရောင်း ဝယ်ပါသည်၊ ဆက်စုသင့်သေနတ်ကိုလည်း ဆက်သွင်း ပြေပါသည်၊ နောက်ကို ဆက်လက်၍မသွား မလာမရောင်း မဝယ်နိုင်ပါ၊ အမိန့်တော်ထွက်စာချွန်ကိုဆက် သွင်း ပါရမည့်အကြောင်း နှင့်ရှိခိုး သံ တော်ဦး တင်ချက်အတိုင်း သွင်း စေ၊ နောက် သေနတ်ဆက်လွှတ် စေ၊ အိပ်ဘန်မှုကြောင့်ရာဇဝတ် တော်ခံရသူတို့မှာ ရွှေနန်း တော်တက်သိမ်း စံပယ် တော်မူစကသနား တော်မူသည့်ဥစ္စာ ကြေး ကျွန်ဥ

6 January 1807

ယည်လယ်ယာများ ကိုသိမ်း ၊ သက္ကရာဇ် ၁၁၆၈ ခုပြာသိုလပြည့်ကျော် ၁၄ ရက် နေ့ ရွှေမြို့တော်သို့ ရွှေစက် တော်ဖြန့် တော်မူမည်၊ ဝင်း ခင်း နောက် တော်လိုက်အစောင့်အနေခန့်ထား စီရင်ရန်ရှိသည်ကိုပြီး ပြေ အောင် စီရင်၊ စာရင်း ကိုလည်း သွင်း ၊ ယင်း တော်မင်း သမီး တရုပ်မြို့စား သပြေလှ ရွာစား တို့ကိုယ်ခု နေ့ကသမ္ဗန် တော်ငယ်နှင့် ရွှေမြို့တော်သို့သွား နှင့်စေ။

5 January 1807

သက္ကရာဇ် ၁၁၆၈ ခုပြာသိုလပြည့်ကျော် ၁၃ ရက် နေ့နံနက် ခံရာဇ နော်ရထာတွင်ပြန်။

(ရှေး ဟောင်း သုတေသန)

မြောက်နန်း တော်မိဘုရား ကံကုန်သည်မှာ မယ် တော်ဘုရား နတ်ရွာစံသည် တွင်သင်္ဂြိုဟ်သည့်နည်း သင်္ဂြိုဟ် တော်မူမည်၊ အခန်း အနား ခန့်ထား စီရင်ရန် ရှိသည်ကိုပြီး ပြေ အောင်စီရင်၊ ဝန် ထောက် နေမျိုး ကျော်ထင်ကိုလည်း ဝင်၍ စီရင် စေ၊ မင်း ညီမင်း သား မှူး တော်မတ် တော်တို့ကိုလည်း ဗောင်း ဖြူဝတ်ဖြူဝတ်ကြ စေ၊ က တော်မယား တို့ကိုလည်း ဝတ်ဖြူငတ်ကြ စေ၊ အိပ်လှည့်အိပ်ဘန်မှု ကြောင့် ရာဇဝတ် တော် ပေး သည့်အ ဆောင်မြဲ မှူး မတ်တို့ကိုချမ်း သာ ပေး တော်မူသည်၊ ဝင်ထွက်ထမ်း ရွက်မြဲဝင်ထွက်ထမ်း ရွက်ကြ စေ၊ ပုခန်း မင်း သား မိုး မိတ်မင်း သား တို့ကို (သက္ကရာဇ်) ၁၁၆၈ ခုပြာသိုလပြည့်ကျော် ၁၅ ရက် 7 January 1807 နေ့သင်္ဂြိုဟ်မှီ အောင် လာ စေ၊ မင်း ကွန်း တွင်ဆင်ဝန်နန်း မြို့စား တို့နှင့်စာရင်း ကျမှူး တော်မတ် တော်တို့ကို စောင့် နေ စေ။

6 January 1807

သက္ကရာဇ် ၁၁၆၈ ခုပြာသိုလပြည့်ကျော် ၁၄ ရက် နေ့နား ခင် ပါတွင်ပြန်။

(ရှေး ဟောင်း သုတေသန)

စကိုင်း မင်း ဆင်ဖြူရှင်မယ် မက္ခရာမင်းသား မင်းတုံး မင်းသား လှိုင်မင်းသား တို့ကိုအလောင်း တော်ကျွမ်း၍အရိုး ကောက်ပြီး လျှင်အတွင်း တော်သို့ဝင်စေ၊ စကိုင်း မင်း မက္ခရာမင်းသား မင်းတုံး မင်းသား လှိုင်မင်းသား တို့ကိုအရိုး သဂြိုဟ်ရာဒိုက်၍သင်း ဂြိုဟ်စေ၊ အရိုး တော်ကိုကောင်းမွန်အောင်သင်း ဂြိုဟ်စေ၊ အိမ်ရှေ့မင်း မင်းညီမင်းသား မှူး တော်မတ်တော်နေရာနေ နေရာလွတ် နေတို့ကိုလိုက်၍သဂြိုဟ်စေ၊မင်းသမီး ကတော်မယားတို့မှာပြန်စေ၊ သင်း ဂြိုဟ်ရာကြွင်း ကျန်သည့်နံ့သာတုံး များ ကိုအမွေ တိုက်မှာသွင်း ထားစေ၊ ကျင်း ပ ဆောင်ရွက်သည့်အဆောင်အရွက်များ မှာအမွေတိုက်သို့သွင်း သင့်သည့်အရာကိုသွင်း စေ။

7 January 1807

သက္ကရာဇ် ၁၁၆၈ နှုပြာသိုလပြည့်ကျော် ၁၅ ရက် နေ့နံ ၁း ခရာဇ် နော်ရထာတွင်ပြန်။

(ရှေးဟောင်းသုတေသန)

(သက္ကရာဇ်) ၁၁၆၈ ခုနှစ်သွင်း စုအောင်ပင်လယ်စပါး တော်လမိုင်း စပါး 1806
တော်များ ကိုကျီ တော်များ ဟောင်း နွမ်း ယိုယွင်း သည်၊ အိမ်ရှေ့မင်း စကိုင်း
မင်းသား တော်သမီး တော်များ က ဆောက်လုပ်သည့်ကျီများ တွင်စပါး မရှိလပ်
သည့်ကျီများ ကိုပြုန်း မွှသွင်း စေ၊ အဝိုး ကောက် လှော်ကား လှေများ ကို အောင်
မြေ လောကဘုရား တွင်အရှည်အကြာ မထား စေနှင့်၊ ကျွန်သီး တော်တို့က ဖျက်သိမ်း
စေ၊ အဆောင် တော်တွင်ညကိုစာ ဟောပြဟော စေ၊ အိမ်ရှေ့မင်း မင်းညီ
မင်းသား တို့ကိုလည်း အဆောင် တော်သို့ဝင် စေ။

7 January 1807

သက္ကရာဇ် ၁၁၆၈ ခုပြာသိုလပြည့်ကျော် ၁၅ ရက် နေ့နံ ခစ မြောင်မျိုး
တွင်ပြန်။

(ရွှေ ဟောင်း သုတေသန)

ကသည်း စော်ဘွား နှင့်ညီဇူပရာဇာတို့ကို ရွှေဘဝါး တော် အောက် ရောက် လေ အောင်ကျိဝန်က ပေး မှာ ၍ ခေါ် စေ၊ ကျိဝန်က ကသည်း ပြည်သို့ စေသူ ဇော် ဂျိဂျိရာ စေသူတို့ကိုလည်း နတ်ကျွန်း အောင် မြေကင်း တပ်မှူး ကမဆီး မတား စေ နှင့်သွား လာ စေ၊ ကသည်း မင်း သမီး ရောက်လျှင် နေရန်မင်း ကွန်း နန်း တော်အတွင်း သင့်ရာတွင် ကြောအိမ် မြေကြမ်း အနား ကိုအုတ်စီ၍ ဆောက်လုပ် စေ၊ ကသည်း ပြည်ကလာ ရောက်သူတို့ကိုလည်း ပြန် စေ၊ လွှတ်ကလည်း မင်း သမီး ကို သနား တော်မူရန် များ နှင့်သင့်ရာဘက်ခန့်၍လိုက် စေ၊ ကျိဝန်လူတို့ကိုလည်း ဘက် ခန့်၍လိုက် စေ။

8 January 1807

သက္ကရာဇ် ၁၁၆၈ ခုတပို့တွဲလဆန်း ၁ရက် နေ့နား ခ ငပါတွင်ပြန်။

(ရှေး ဟောင်း သု တေသန)

ဆဒ္ဒန်ဆင်မင်း ကိုအနောက်မြစ်မှာ ရေပေး စေ၊ ဝင်း တော်စည်တော်များ ကိုပွဲ တော်အိမ်အနောက်တံခါး ပြင်ကခင်း ရှုလိုက် စေ၊ ဆင် တော်မှာ မရဘင်တံခါး ကတည့်စမှတ် မြောက်လမ်း ကို လျှောက်၍ ပွဲ တော်အိမ်အနောက်တံခါး ကိုထွက် စေဝင် စေ၊ လမ်း တ လျှောက်ကိုလည်း ပြင်ဆင်၍ ရာဇမှတ်ကာ စေ၊ ဒိုင်းပနိက ဆောက်သည့်စန္ဒမုနိဘုရား တန်ဆောင်း မှာအုတ် တော်နှင့်သမံတလင်း ခင်း စေ။

9 January 1807

သက္ကရာဇ် ၁၀၆၈ ခုတပို့တွဲလဆန်း ၂ရက် နေ့နား ခံစ မြောင်မှုး တွင်ပြန်။
(ရွှေး ဟောင်း သုတေသန)

ရွှေတောင်သိမ်း ငပုလေး ငထွား ငကလယ် ငမြတ်ပင်တို့က အမိန့်တော် နှင့် ရွှေတောင်သိမ်း ငပုလေး တို့မှာ လှေကြီး၅ နွှေထိုး လှေငယ် ၄၅၊ ငထွား မှာ လှေကြီး ၅ နွှေထိုး လှေငယ်၁၅၀၊ ငကလယ်မှာ လှေကြီး၁၀ နွှေထိုး လှေငယ် ၁၄၀၊ ငမြတ်ပင်မှာ နွှေထိုး လှေငယ်၃၀ ဘောက်ကား ရောင်း ဝယ်ပါသည်၊ ဆက်စုသင့် သေနတ်ကိုလည်း ဆက်သွင်း ပြေပါသည်၊ နောက်ကိုဆက်လက်၍ မသွား မလာ မရောင်း မဝယ်နိုင်ပါ၊ ရွှေတောင်သိမ်း ငပုလေး တို့မှာအမိန့်တော်ထွက်စာချွန်၅၀အနက် ရေပြွမ်း ရ ၁၁၅၊ ငထွား မှာစာချွန်၁၆၀အနက် ညောင်ဦး ရွာကိုမီး လောင်ရ၁၃၂၊ ပခန်း ငယ်ရွာကိုမီး လောင်ရ၂၀၊ လှေ ရေပြွမ်း ရ၁၁၃၊ ငမြတ်ပင်မှာစာချွန်၃၀အနက် လှေ ရေပြွန်း ရ၁၃ပါပါသည်၊ ကျန်စာချွန် တော်ကိုဆက်သွင်း ပါရမည့်အကြောင်း နှင့်ရှိခိုး သံတော်ဦး တင်ချက်အတိုင်း သွင်း စေ၊ နောက် သေနတ်ဆက်လွတ် စေ။

10 January 1807

သက္ကရာဇ်၁၁၆၈ခုတပို့တွဲလဆန်း ၃ရက် နေ့နား ခံရာဇာ နော်ရထာတွင် ပြန်။

(ရှေး ဟောင်း သုတေသန)

ကျောက်ဆည်ဝန် မြေတိုင်စာရေး တို့အစီရင်ခံချက်ကိုဆက်သွင်း သည့်အတိုင်း နတ်
မိမရှက် မြောင်း မတော်ကိုအိမ်ရှေ့ထမ်း မန်ကျည်း ချောင်း ငှာ တောင်ဘက်
မြင်း မရှက်ဂူကြီး မြင်း ၅စီး သား တို့ကကူညီတူး လုပ်ကြစေ၊ မြန်မာသကြား ချက်
တရုပ်သကြား ချက်လူတို့မှာလည်း ယခုစွဲလမ်း ၍လုပ်သည့် မြေကိုသာလုပ် စေ၊ အခြား
သူတို့သို့ ရောင်း ချသည့် မြေကိုသိမ်း ၊ ရောင်း သူတို့ကိုလည်း ရာဇဝတ် တော်စီရင်၊
ဝယ်သူတို့မှာလည်း ဝယ်ငွေကိုဆုံး စေ၊ သကြား တော်ချက်လူတို့ကလည်း သကြား တော်
ကိုဆက်မြဲဆက် စေ၊ ဌာပနာသွင်း ပြီး ကျောက် သေတ္တာမျှား ကို အောင်မြေ လော
ကဘုရား ကောင်း မှုန် အောင်ပို့ စေ၊ ရောက်လျှင်ဘုရား မှာလက်နား ပတ်
လည်ကို ၃စီဌာပနာတိုက်ပတ်လည်ကို ၂စီချန်လှပ် စေ၊ ၄င်း အကြား မှာအနောက်
မြောက် ထောင့်ကစ၍ ဝင်း စာစီမြဲအတိုင်း အောက်အထက်မှန် အောင်သရွေး နှင့်
က၊ ကာစဉ်မှတ်သည့် စာကိုအထက်ထား ပြီး ထောင်၍ စီ စေ၊ စကုမြို့ ကျေး ကြက်ရိုး
ကန် တောကမဂ်လာ လေး သင်း ပြည် လေး သင်း အောက်မား တော်မှုား နှင့်
အောက်ငင်ခဲ့သည့်အတိုင်း ၄ ကျော်ဆင် တော်ကိုကျုံး တော်သို့သွင်း ၍ ကြော့ဘမ်း မြဲ
ကြော့ဘမ်း စေ၊ ဆင်ဝန် အောက်မား ဝန်တို့ကိုလည်း လိုက် စေ၊ ဆင် တော်ကိုလည်း
တဲ့နား သည့်ကာလတွဲငင်နှင့်တွဲ၍ ရွှေဘဝါး တော် အောက် ဆောင်ယူခဲ့ စေ၊ ရှေ့
ဝင်း မှူး နေမျိုး သီဟ နော်ရထာ သေလွန်ရာမှာ တော် နေရာ နေတို့ သေလွန်
20 February 1807
လျှင်သင်္ဂြိုဟ်သည့်နည်း သင်္ဂြိုဟ် စေ၊ တ ပေါင်း လပြည့် နေ့မဟာပိန္နဲ နတ်ရုပ်ကိုရထား
တင်၍ ပူဇော်အပ် ကြောင်း ကိုရာဇမတ္တာကျမ်း ထွက်သည့်အတိုင်း ပူဇော်မြဲပူဇော်
စေ၊ ခန့်ထား စီရင်ရန်ရှိသမျှကိုပြီး ပြေ အောင်စီရင်။

11 January 1807
သက္ကရာဇ် ၁၁၆၈ ခုတပို့တွဲလဆန်း ၄ ရက် နေ့နား ခံဘယ ကျော်ထင်တွင်ပြန်။
(ရှေး ဟောင်း သုတေသန)

ကသည်း စော်ဘွား နှင့်ညီဇုပရာဇာတို့နှစ်ဦး က ရွှေဘဝါး တော် အောက်သံ တော်ဦး တင် ရောက်သည်မှာ ဇုပရာဇာတို့ကသည်း ပြည်သို့ပြန် စေပြီး မှကသည်း စော်ဘွား ကသမီး ကညာကိုဆက်သ စေသင့်သည်။ ဇုပရာဇာကိုကသည်း ပြည်သို့ပြန် စေရမည်မှာလည်း အစ်ကို စော်ဘွား နှင့်မသင့်မတင့်ရှိကြသည်ဖြစ်၍ ကြောက်ရွံ့ မည်ဖြစ်သည်။ မကြောက်မရွံ့ပြန်ဝံ့ အောင်ကျီဝန်စာ ရေး သားလှ ဝေ သော်နှင့် အိမ်ရှေ့ တော်ကစုကြီး သေနတ်၁၀၀ စကိုင်း မင်း ကစုကြီး သေနတ်၂၀၀ခန့် ခန့်ထား ၍လိုက် စေ။ ဇုပရာဇာသမီး မှာလည်း အငွန် စော်ဘွား နှင့်မှန်း ထား ရင်း ဖြစ် ကြောင်း ကိုကသည်း စော်ဘွား ကရှိခိုး သံ တော်ဦး တင်ချက်တွင် ပါသည်။ ကသည်း မြို့သို့ ဆောင်ယူ ခေါ်သွား စေ။ ကသည်း စော်ဘွား ညီအစ်ကိုမ သင့်မတင့်ရှိကြသည်မှာကသည်း စော်ဘွား နှင့်တကွ မှူး မတ်ဆင်း ရဲသား တို့ကို ချမ်း သာ စေလိုသည့် စေတနာ တော်ရှိသည်ဖြစ်သည်။ မသင့်မတင့်ရှိကြရမည်မ ဟုတ်။ အထက် ပေါင်း ဘက်မြဲအတိုင်း သင့်တင့်ငြိမ်ဝပ်စွာ ပေါင်း ဘက် နေထိုင်ကြရ မည်ဖြစ် ကြောင်း ကို ရွှေဘဝါး တော် အောက်က စေသူတို့တွင်ကသည်း စော်ဘွား သို့ တော်သင့် အောင်အမိန့် တော် ပေး အပ်၍ ဆောင်ယူသွား စေ။ ဇုပရာဇာကို လည်း ကသည်း စော်ဘွား နှင့်သင့်တင့်ကြ အောင်ကသည်း စော်ဘွား သို့အမိန့် တော်ပြန်ဆို၍ ရှိပြီ။ မကြောက်မရွံ့ပြန်သွား ၍အစ်ကို စော်ဘွား နှင့် ပေါင်း ဘက် နေထိုင်မြဲ ပေါင်း ဘက် နေထိုင် စေရမည်။ ဇုပရာဇာကအစ်ကို စော်ဘွား နည်း သမီး ကညာဆက်လိုလျှင်လည်း အငွန် စော်ဘွား နှင့်မှန်း ထား သည့်သမီး အပြင် ကျန်သမီး သုံး ယောက်က တော်သင့်သသူကိုဆက်ရမည့်အ ကြောင်း နှင့်ပြန်ဆိုမှာထား စေ။ ကျီဝန်ကလည်း ကသည်း စော်ဘွား ညီအစ်ကိုသင့်တင့်ကြရမည့်အ ကြောင်း ကို တော်သင့် အောင် ပေး မှာ စေ။ ကသည်း စော်ဘွား က စေ၍လာသူ။ ဇုပရာ ဇာက စေ၍လာသူတို့ကိုလည်း ရွှေဘဝါး တော် အောက်ကခန့်ထား သူတို့နှင့်အတူလိုက် စေ။ ရွှေဘဝါး တော် အောက်က စေသူတို့ကသည်း ပြည်သို့ ရောက်သည့်ကာလမှာက သည်း စော်ဘွား ကဆက်မည့်သမီး ကညာကို ရွှေဘဝါးတော် အေါက်ဆက်လို၍ ဒေမုဇ္ဇမမြို့ ဝန်ကယိုး ဒယား သို့စေပါမှာထား မည့်အကြောင်း နှင့်ရှိခိုး သံ တော်ဦး တင် ချက်ပါသည်မှာယိုး ဒယား ကမိုး နဲ့ ကြောင်း ဖိုလ်မှူး တို့ထံ ရွှေဘဝါး တော် အောက်

အသနား တော်ခံအ လျှောက်အထား ရောက်၍ ရှိပြီ၊ မုတ္တမမြို့ဝန်က ယိုးဒယား သို့ပေး မှာစေပါသင့်တော့သည်မဟုတ်၊ နောက်ထပ်၍ မပေး မမှာမစေမပါး စေနှင့်၊ နတ်ကျွန်း အောင်မြှေကင်း တပ်မှူး ရဲခေါင် ကျော်စွာကိုကင်း တပ်မှူး အရာက နှုတ်၊ ရွှေဘဝါး တော် အောက် ခေါ် စေ၊ နေမျိုး နန္ဒမိတ်ကို ရွှေ့ဝင်း မှူး ခန့်၊ ရွှေဘဝါး တော် အောက်မှာထမ်း ရွက်စေ။

12 January 1807

သက္ကရာဇ် ၁၁၆၈ ခုတပို့တွဲလဆန်း ၅ရက် နေ့နား ခင်ပါတွင်ပြန်။

(ရှေး ဟောင်း သုတေသန)

ခန္တီမြို့ကလာလူ ငကျော်ထွန်း နှင့်ခန္တီမြို့သို့သွား စေမည့်သူတို့တွင် ပေး ကမ်း ရန် ကိုဒိုင်း ဝန်က ပေး မည်၊ ဆက်သွင်း ချက်အတိုင်း သင့်ပြီ၊ နတ်ကျွန်း အောင် ပြေ တင်း ဇာပ်ရှိ သေနတ်ကိုင်လူ ၁၅ဝကိုကသည်း မြို့သို့သွား စေသူသာလှ ဝေ သော်တို့နှင့် အတူလိုက် စေ။

13 January 1807

သက္ကရာဇ် ၁၁၆၈ ခုတပို့တွဲလဆန်း ၆ရက် နေ့နံနား ခံစ မြောင်မှူး ထွင်ပြန်။

(ရှေး ဟောင်း သုတေသန)

မင်းကွန်းနန်း တော်ရှေ့တန်ဆောင်း တော်တွင်ဆရာတော်တို့ကြည့်ရှုတည်း
ပြတ်၍ ရေးသားပြီး လျှင်ပိဋကတ်တိုက်မှာ ရွှေသစ္စေး မွမ်းမံစေသည့်ပါဠိတော်
စုကိုမင်းကွန်းသို့ဆောင်ယူစေ၊ ရေစက်ပတ်လည်ချလုပ်သည့်ကန္နားပေါင်းများ
တွင်တည်သည့်ကျောက်ကိုယူ၍ ရေကာခြေရင်းမှာဘို့စေ၊ ပြီးလျှင်ကန္နားပေါင်းကို
သင့်ရာသိမ်းထားစေ၊ နန်းတော်အနောက်လှေကားများကိုအုတ်လှေကား
လုပ်စေ၊ မိုးညှင်းမြို့အနောက်တောင်ကရင်အရိုင်းဆံတိုမျိုး ၁၂ တောင်နေလူတို့
ကမိုးနဲမြို့ကျေးနိုဝယ်ရွာမှာစော်ဘွားဖိုးငပန်းအောင်ကိုခေါ်၍ဘွားစား
စေပြီးလျှင်မြစ်သားမြို့နေငအုနှင့်အတူစော်ဘွားငပန်းအောင် ကရင်စော်
ကဲငအောင် [illegible] ငလင်လကူလမာတို့လေးယောက်လက်ဆောင်တော်ဒူးလေး
၁၀ ဆိပ်လူးမြှား ၅၀၀ ဆေးတံ ၅၀ များကိုဆောင်ယူလိုက်လာ၍ ငွေတောင်
စော်ဘွားတို့နည်းကျွန်တော်ခံပြီးလျှင်သမီးတော်ကျောက်မော်မင်းသမီးမှာ
ထမ်းရွက်လိုပါသည်၊ ရွှေဘဝါးတော်အောက်လာရောက်ကြောင်းနှင့်ကျောက်
မော်မင်းသမီးအကြီးငအိုရှိနိုးသံတော်ဦးတင်ချက်အတိုင်း မိုးညှင်းမြို့အနောက်
တောင်ကရင်ဆံတိုမျိုး ၁၂ တောင်နေလူတို့ကိုငွေတောင်ကရင်စော်ဘွားတို့နည်း
ကျွန်တော်ခံ၍ကျောက်မော်မြို့စားမင်းသမီးမှာထမ်းစေ။

15 January 1807

သက္ကရာဇ် ၁၁၆၈ ခုတပို့တွဲလဆန်း ၈ ရက်နေ့နားခံ ဘယကျော်ထင်တွင်ပြန်။
(ရှေးဟောင်းသုတေသန)

ဓညဝတီမြို့မှာခန့်တော်မူသည့်အခွန်ဝန် အကောက်ဝန် စစ်ကဲ နားခံတို့ ကမြို့ဝန်ကိုမလျှောက်မထား ကုလား ဗဒါနကသာ လျှောက်ထားသည့်အမှုကိုမ စစ်မကြောစေနှင့်။

16 January 1807

သက္ကရာဇ် ၁၁၆၈ ခုတပို့တွဲလဆန်း ၉ ရက်နေ့နားခံငပါတွင်ပြန်။

(ရှေးဟောင်းသုတေသန)

ရွှေမြို့တော်က ဆောင်ယူခဲ့သည့် ပိဋကတ်တော်များကို စန္ဒမုနိဘုရား တန်ဆောင်း အတွင်း ပိဋကတ်တိုက်မှာသွင်း ထား စေ၊ အလျှင်ရှိနှင့်သည့် ပိဋကတ်တော်များကို ရွှေမြို့တော်သို့ပို့၍ ပိဋကတ်တိုက်မှာသွင်း ယား စေ။

17 January 1807

သက္ကရာဇ် ၁၁၆၈ ခုတပို့တွဲလဆန်း ၁၀ ရက်နေ့ နား မစ မြောင်မှူး ထွင်ပြန်။

(ရွှေ ဟောင်း သုတေသန)

ဆဒ္ဒန်ဆင်မင်း ကိုယ်မိန်း တော်မူသည့် နေ့မဏ္ဍရာမင်း လှ ကျော်စွာ နှင့်ကြည့်ပ်
မင်း သမီး သီရိသီဝလိ ဒေဝီကိုလက်ထပ်မင်္ဂလာ ဆောင် တော်မူမည်၊ အခမ်း အ
နား ခန့်ထား စီရင်ရန်ရှိသည်ကိုမိုး မိတ်မင်း သား သတိုး မင်း ရဲ ရွှေ တောင်
နှင့်မင်း ခင်း မင်း သမီး သီရိမလ္လာနန္ဒာ ဒေဝီကိုလက်ထပ်မင်္ဂလာ ဆောင် တော်
မူသည်တွင်ခန့်ထား စီရင်သည့်နည်း ခန့်ထား စီရင် စေ၊ ကုန်ရာသီစန္ဒရမာသ
6 February 1807
တ ပေါင်း လဆန်း ၁ရက် နေ့ကစ၍ဆဒ္ဒန်ဆင်မင်း ကိုယ်မိန်း တော်မူသည်၊ ပွဲ တော်
မပြီး မခြင်း ရွှေမြို့ တော်မြို့တွင်း မြို့ပြင်ရပ်စုကွက်စုများ မှာတတ်အား သမ္ဘ ပွဲ
သဘင်ခံ၍တီး မှုတ်တခုန်ကြ စေရမည့်အ ကြောင်း နှင့်အိမ် ရှေ့မင်း သို့မှာထား ၍
စေ့နှံ့ အောင်စည်လည် စေ၊ မင်း ကွန်း အ ရှေ့ဘက်အ နောက်ဘက်အလယ်ကျွန်းအရပ်
အကွက်များ မှာလည်း တတ်အား သမ္ဘ ပွဲသဘင်ခံ၍တီး မှုတ်က ခုန်ကြ စေ၊ အိမ် ရှေ့
ထမ်း လှေစီး ငမြွတ် ခွေး က သေနတ်ဆက်အမိန့် တော်တွက်နှင့် လှေကြီး ၅ စွေ့ထိုး
1805
လှေငယ် ၂၅ ဘောက်ကား ရောင်း ဝယ်၍ (သက္ကရာဇ်) ၁၁ ဖြရခုဆက်စုသင့် သေ
1806
နတ်ကိုဆက်သွင်း ပြီး ပြေပါသည်၊ (သက္ကရာဇ် ၁၁) ဖြဂခုနှစ်မ ဘောက်မကား မ
ရောင်း မဝယ်နိုင် သော ကြောင့်မသွား မလာ ရပါ၊ လှေ စာ ချွန်၃ ဝကိုဆက်သွင်း၍
သေနတ်ဆက်လွှတ်ငြိမ်း ပါရမည့်အ ကြောင်း နှင့်ရှိခိုး သံ တော် ဦး တင်ချက်အတိုင်း
သေနတ်ဆက်လွှတ် စေ၊ စာ ချွန်ကိုသွင်း စေ၊ စွန်လွန် သေနတ်သား တို့ကို (သက္ကရာဇ်
၁၁) ဖြဂခုနှစ်စွန်လွန် သေနတ်သား တို့ထိပ်တက်ကုန်း မှာလုပ်ရစပါး ၄ ဂ ၅ ၁806
တောင် ရေ ကျော် မှာလုပ်ရစပါး ၁ ဝ ၀ မြေစုရစပါး ၄ ၀၊ အ ရှေ့ဘက်မှာလုပ်ရ
စပါး ၁ ၁ ၁၄၊ မြေစုရစပါး ၁ ၉ ၀၊ အစုစုရစပါး ၁ ၉ ၅ ၅အနက်မှုရင်း ဖျိုး နှုတ်
၁ ဂ ၀ကျန်စပါး ၁ ရ ရ ၅ညီ တော်ပုခန်း မင်း သား လယ်ကလုပ်ရစပါး ၃ ၃ ၀ ၂ စု
စပါး ၂ ၁ ဝ ၅က ဖလ စာ ရိက္ခာ နှုတ် ပေး ၍ကျန်သည်ကို မြောက်ကို တော်မှာသွင်း စေ၊
မင်း ကွန်း နန်း တော် စောင့်ဝင်း တော် လေး မျက်နှာ မင်္ဂလါသါးတို့ကိုလည်း တော်ေင
ကို တော်ရှိစပါး က ဖလ စာ ရိက္ခာထုတ်၍ ပေး ၊ ကို တော်ရှိစပါး နှင့်မ လောက်လျှင်
1806
(သက္ကရာဇ် ၁၁) ဖြဂခုနှစ်နန်း တော်သစ်တပ်အတွင်း လုပ်သည့် ပါး ဖြည့်၍
ပေး ၊ နောက်ကိုလည်း ဖလတကြိမ် ပေး စေ။
18 January 1807
သက္ကရာဇ် ၁၁ ဖြဂခုတပို့တွဲလဆန်း ၁၁ရက် နေ့နား ခရာဇ နေ ဘ်ရထါတွင်ပြန်။
(ရွှေး ဟောင်း သုတေသန)

ယိုး ဒယား က ရွှေဘဝါး တော် အောက်လာ ရောက်သည့်သံတို့ နေရာသံတဲကို တောင် သမန်အင်း တောင်ဘက်လက်ပန်ပင်နား တွင် ဆောက်လုပ် စေ၊ လွယ်လုံ ၁၂ တောင် ကရင် စော်ဘွား ရိုး ငပန်း အောင်ကိုလက်မှိုင် စော်ဘွား နည်း ၁၂ တောင်က ရင် စော်ဘွား ခန့်၊ လွယ်လုံ ၁၂ ဘောင်ကရင် စော်ဘွား ငပန်း အောင်ကိုယိုး နီ ၂ စင်း ညောင်ရွက်သုံး ဆင့်ထီး ချက်ထီး လက်ထီး ရိုး ရွှေဝိန်း ကွမ်း ခွက် ၁၂ ရာသီ လဘက်အိုး တ ကောင်း ဝိဂ် ကွပ်း လိပ်ဥမြွှာ ကြုတ်ခွက်အစုံ ငွေ ဖွေး အင် နား တောင်း ဘော့ခြယ်၊ စလွယ် ဖြွယ် ရှမ်းဗောင်း ဖြူ ရွှေသား ပန်း ဖြ တမာရွက် လေး မျက်နှာ ထောင် မြင်း ကကိုင်း ညောင်ရွက်ဖြ ရွှေ ဇာဝါဝိန်း နင်း နှင်း သိဝ် အိမ် မြွောင်ရင်ပတ်ကွင်း ငွေဇာဝါ က တောင် ရွှေ ဝိန်း မြင်း ကြိုး ခတ္တီပါ ရွှေကြယ်တပ် စီး နှီး တင်ရန်း ကတ္တီပါ ဇာက်ရွှန်း ဥဆင့် ဆင် ပေါင်း ဝန်း ကခွက် ရွှေ ၂ စုတိုင်ထုတ် လျှောက် ရွှေဝိန်း အနီယပ်နီ ချင်ဝိတ် ရွှေ ၂ စုအနီတစု အထွတ် ရွှေဝိန်း အလံကျည် လှံကျည် ရင်း ဖွား ရွှေဒိ၊ က တောင် ရွှေ ရေး ၊ ရဲကခွက် ရွှေ ၂ စုအနီတစု တိုင် ရွှေဝိန်း က တောင် ရွှေ ရေး အလံကျည် လှံကျည် ရင်း ဖွား ရွှေဒိ၊ ထား မိုး ကြိုး ဆင် ရွှေခြည်စုံ အိမ်ဖြူသက္ကလပ် အိတ်နီသွတ် စုံတံဆိပ်ထား လိုက်အရိုး ရွှေကွပ်အိမ်ဖြူဖြစင်း ဟော်အ ဆောင်မအ ဆောင် ဦး လည် ပေါ ပတင်း ရွှေချလက်ဝဲ ဆောင်လကျာ ဆောင် နောက်ဥ ဆောင်စကြော ပွင့်၊ ချင်ဝိတ်အမှုမ်း လည် ပြောက်တိုင်အနီသုတ် စည်နီရစည်ပုတ် ၁ ပုံသာ ၁ နှဲကြီး ၁ နှဲငယ် ၂ ခရာ ၁ တံပိုး ၁ လင်း ကွင်း ၁ ဆောင်ထီး အထွတ် မော် ပွင့် ရွှေထည့်ထီး ရွက်အနား ပတ်လည်သံ ၂ ရွှေထည့်၊ ဆင် ပေါက် ၁ ထင်မ ၁ သနား တော်မူသည်၊ စာချွန် ရေး မြဲ ရေး ၍သွင်း ။

19 January 1807

သက္ကရာဇ် ၁၁၆၈ ခုတပို့တွဲလဆန်း ၁၂ ရက် နေ့နား ခံဘယ ကျော်ထင်တွင် ပြန်။

(ရှေး ဟောင်း သုတေသန)

စွန်လွန်ရှာ နေဒဝယ်အမှုထမ်း ငကျော်နုက (သက္ကရာဇ်) ၁၁၆၇ ခုနှစ် နွေ 1805
ထိုး လှေငယ် ၂၀ ကို သေနတ်ဆက်အမိန့်တော်ထွက်နှင့် ဘောက်ကား ရောင်း ဝယ်ပါသည်၊ ဆက်စုသင့် သေနတ်ကိုလည်း ဆက်သွင်း ပြေကုန်ပါသည်၊ နောက်ကိုဆက်၍ မရောင်း မဝယ်မသွား မလာနိုင်ပါ၊ လှေစာချွန် ၂၀ အနက်မီး သင့်ရာ စာချွန် ၁ ရေမြုပ်၍ စာချွန် ၅ ပါပါသည်၊ ကျန်စာချွန် ၁၄ ကိုဆက်သွင်း ပါရမည့်အကြောင်း နှင့်ရှိခိုး သံတော်ဦး တင်ချက်အတိုင်း စာချွန်ကိုသွင်း စေ၊ နောက် သေနတ်ဆက်ကို လွတ်စေ၊ ကြပ်ပြင်ဖိုး သူကြီး ဇေယျရာဇာကျော်စီရင်စုကြပ်ပြင်ရွာ ရွှေ့ ၅၀၀ တွင်း ကျွဲစပ်တောလယ်ပြင်တွင်း မှာ သွေး သောက်ကြီး ငမြတ်ထွေး ကြပ်မတူး ဘော်စေ၍ ရသည့်ပတ္တမြား ကျောက်သည်ထူး မြတ်သော ကျောက်ဖြစ်သည်၊ ကြိုယူမြဲထုံး စံရှိသည့်အတိုင်း ခန့်ထား၍ကြိုယူစေ၊ မိုးနဲကချီတက်သည့်တပ်များ မှာယိုး ဒယား ကသံတို့ တပ်တော်သို့ ရောက် သော်လည်း ကျိုင်းသည် ကျိုင်းတုံ မိုင်း ညောင် ကျိုင်းချိုင် မှစ၍အ ရွှေ့ဘက်တပြင်မြို့ ကျေး ရွာများ ကိုပြုစုရမည်ပင်ဖြစ်သည်၊ မချီမတက်မ နေသာ ချီတက်မြဲ ချီတက်ပြုစု စေမည်၊ မိုးနဲ ဗိုလ်မှူး စစ်ကဲတို့က ရှိခိုး သံတော်ဦး တင်ချက်ကိုဆက်သွင်း သည့်အတိုင်း သင့်ပြီ၊ ယိုး ဒယား က ရောက်သည့်သံတို့မှာ မိုးနဲ ဗိုလ်မှူး စစ်ကဲတို့က မိုးနဲသို့ မခေါ်သာပြီ၊ မိုင်းသွတ်တပ်ကလမ်း သင့်ရာ ရွှေဘဝါး တော်အောက်လာ စေ။

21 January 1807

သက္ကရာဇ် ၁၁၆၈ ခုတပို့တွဲလဆန်း ၁၄ ရက်နေ့နား ခံစမြောင်းများ တွင်ပြန်။

(ရှေးဟောင်းသုတေသန)

ရွှေဝင်း မှူး နေမျိုး နန္ဒမိတ်ကို ရွှေဝင်း မှူး နေအိမ် နေမျိုး နန္ဒမိတ် နေရင်း အိမ်ကိုအချုပ်ဝန် ဇေယသူရကိုသနား တော်ခံ စေမည်သွင်း ချက်အတိုင်း သင့်ပြီ။

22 January 1807

(သက္ကရာဇ်) ၁၁၆၈ ခုတပို့တွဲလဆန်း ၁၅ရက် နေ့နံ ၁း ခံရာဇ နေဘရ ထာထွင်ပြန်။

(ရှေး ဟောင်း သုတေသန)

ပါဠိတော်အဋ္ဌကထာဋီကာသဒ္ဒါပုဒ်ကျင့်ဝတ်တရားများကို ပြောဆိုစေရမည့်အ
ရပ်ရပ်ရဟန်းသံဃာတို့ကိုပင့်ခေါ်စေ၊ အောင်ပင်လယ်ကစပါးကိုကျွန်တော်မှ
စ၍သားတော်သမီးတော်တို့ကျွန်များထွင်းသွင်းသည်မှာရှိရင်းစပါးမည်မျှ
နောက်သွင်းစပါးမည်မျှသိသာအောင်ကိုဝန်ကစာရင်းဆက်စေ၊ ကျောင်း
တော်ကြီးတောင်မှာသားတော်သမီးတော်တို့ကဆောက်လုပ်သည့်ကျွန်များကိုအ
လျားအနံအတိုင်းအမှတ်နှင့်တကွစာရင်းမှတ်သား၍သွင်း၊ ဗန်းမော်မြို့ကို
ရွှေဝင်းမှူးနေမျိုးနန္ဒမိတ်ဝန်စည်းရေမှာစမ်း၍ရသည့်ကျောက်စိမ်း ၂
လုံးဥစ္စာရှင်မပေါ်သောကြောင့်စစ်ကဲငမြတ်ဖြူမှာအပ်ထားခဲ့ကြောင်းနှင့်
ရွှေဝင်းမှူးကရိုနိုးသံတော်ဦးတင်သည့်ကျောက်စိမ်း ၂လုံးကိုဗန်းမော်မြို့
ဝန်စစ်ကဲတို့ကရွှေဘဝါးတော်အောက်ဆက်လှာစေ၊ ငအောင်သံတော်ဦးတင်
ချက်အတိုင်းငအောင်နှင့်နွေထိုးလှေငယ်၁၅ကိုလှေတော်များနည်းသေနတ်
ဓါးလှံတင်ဆောင်ရေဂင်းဝယ်စေ၊ ကင်းခွန်ကြေးငွေကိုကင်းကမကောက်
မခံစေနှင့်၊ ရွှေဘဝါးတော်အောက်ဆိုင်ရာဝန်အကြီးစာရေးတို့ထံ(သက္ကရာဇ်
၁၁)၄၅ခုစစ်တမ်းထွက်အတိုင်းပေးချိန်ဆောင်ရွက်စေ၊ တနှစ်ကိုငအောင် 1783
ကသေနတ်၁၅ဆက်စေ၊ ကုန်ရာသီတပို့တွဲလဆန်း ၁၅ ရက်နေ့ညည့်တတိယယံအချိန် 22 January 1807
တွင်စကိုင်းအောင်မြေလောကမဟာဂူအတွင်း စောင်းသံညှင်းသံဆည်းလည်း
သံစည်သံ အညံ့မစဲကြားသည်၊ နံနက်စောစောဝင်၍ကြည့်လျှင်အရှေ့မျက်နှာမုတ်
လှကား တောင်ဘက်ဌာပနာတိုက်အနောက်ဘက်တွင်နေ့စဉ်စီမြဲကျောက်မဟုတ်၊
ထူးထူးပြားပြားအလျား ၁ရံ၊ အနံ ၆၊ ထု၂ခွဲကျောက်တချပ်၊ အလျား ၁ခုံ၊ အနံ ၅
ထု၁ခွဲကျောက်တချပ်၊ အလျား ၁၆၊ အနံ ၆၊ ထု၁ခွဲအုတ်တချပ်၊ အလျား ၁၂၊ အနံ
ရံ၊ ထု၁ခွဲအုတ်တချပ်၊ ကျောက် ၂ချပ်၊ အုတ် ၂ချပ်အင်္ဂတေနှင့်ကိုလုပ်ပြီးရှိကြောင်း
ကျောက် ၂ချပ်အပေါ်တွင်အဝတ်နီခံလျက်ရွှေအဆင်းနှင့်တူသောဓါတ်တော်ပဲနော်
ခန့်ရဆူ၊ ချရားစေ့အဆင်းနှင့်တူသောဓါတ်တော်၁ဆူ၊ ဓါတ်တော်ဂဆူ၊ အနီးအ
ပါးဘယောင်းတိုင်အမွှေးတိုင် ညောင်ရေအိုး ပန်းစိုက်များနှင့်တည်ထား
တွေ့မြင်ကြောင်းကိုကျောဝရွာစားစည်သူကျော်ဇွာကရိုနိုးသံတော်ဦးတင်
သည်၊ ဘုရားမှာစီခင်းသာသည်အနက်ကျောက်အနေအထားအဆင်းသဏ္ဌာန်အ

ကြီး အငယ်အရပ် ဒေသများ ကိုအဆောင် တော်မြဲ လွှတ်ကစာ ရေးကြီး ခန့်ထားမြဲကြည့်ရှုမှတ်သားစေ၊ ဓါတ်တော်ဂဏ္ဍုကိုလည်း ပင့်ဆောင်ခဲ့စေ။

23 January 1807

(သက္ကရာဇ်) ၁၁၆၈ ခုတပို့တွဲလပြည့်ကျော် ၁ ရက် နေ့နား မံဘယ ကျော်ထင်တွင် ပြန်။

(ရှေး ဟောင်း သုတေသန)

22 January 1807
အောင်မြေ လောကဟူရား မှာကုန်ရာသီတပို့တွဲလဆန်း ၁၅ ရက် နေ့ညဉ့်တတိယ ယံအချိန်တွင် နေ့စဉ်စီမြဲ ကျောက်မဟုတ် ကျောက် ၂ ချပ် အုတ် ၂ ချပ်တိုး ပွါး၍အင်္ဂတေနှင့်စီလုပ်ပြီး ရှိပါသည်၊ သကြား နတ်တို့ကူညီစီထား လှာသည့် ကျောက်အုတ်ဖြစ်ကြောင်း နှင့်ဘုရား အကြီး အကြပ်ကျော ၁၀ ရှာစား ကရှိခိုး၍ တော်ဦး တင်သည်၊ ကောင်း မှုမှာ ကျောက်ကိုသာ စီခင်း တော်မူသည်ဖြစ်သည်၊ သကြား နတ်တို့ကူညီစီခင်း လိုလျှင်အလို တော်အတိုင်း ကျောက်ကိုသာ စီခင်း ရမည်ဖြစ်လျှက်အုတ်ကို စီလှာသည်မှာ စီခင်း သည့်အုတ်ကို နှုတ် တော်မူမည်အကြံ တော်ရှိသည်၊ မှူး တော်မတ် တော်တို့ကလည်း မနှုတ်သင့် ကြောင်း ကိုရှိခိုး၍ တော်ဦး တင်ကြသည်၊ နှုတ်သင့် သည်မနှုတ်သင့်သည်ကိုဆရာ တော်တို့ကစာသွင်း စေ၊ မြေနန်း ဝန်နေမျိုး ဇေယကျော်ဇွာ သေလွန်သည်မှာ သင်္ဂြိုဟ်စရိတ် ငွေ တော် ၃ါထုတ် တော်မူသည်၊ စာရေး ကြီး အသုံးစာရေး တို့ကြပ်မ၍ နေရာအလိုက်သင်္ဂြိုဟ် စေ၊ ဒဝယ်ဗိုလ် ယောကျ်ားမငလှကို စပါး ပေးရမည် တောင်း သည်မှာချမ်း သာ ပေး တော်မူသည်၊ အကျည်း ကလွှတ်။

24 January 1807
(သက္ကရာဇ်) ၁၁၆၈ ခုတပို့တွဲလပြည့်ကျော် ၂ ရက် နေ့နာ ခင ပါထွက်ပြန်။
(ရှေး ဟောင်း သုတေသန)

ယိုး ဒယား သံတို့နှင့် ရွှေပေရာဇာသံလက် ဆောင်တော်များ ကိုသွင်း မြဲထုံး စံအ တိုင်း သွင်း စေ၊ ရွှေပေရာဇာသံလက် ဆောင်တော်များ ကိုကမ တော် လျှောက်ကိုး နှင့်တင် စေ၊ သံတို့မှာ မှူး မတ် လျှောက်တား နှင့်တင် ဆောင် စေ။

13 March 1807

သက္ကရာဇ် ၁၁၆၈ ခုတန်ခူး လဆန်း ၆ ရက် နေ့နား ခဘယ ကျောက်ထင်တွင် ပြန်။

(ရှေး ဟောင်း သုတေသန)

ယိုး ဒယား မင်း ကရာဇာသံ ရွှေပေလက်ဆောင်တော်များ နှင့်သနားတော်ခံ ရွှေဘဝါး တော်အောက် ရောက်၍ ရှိသည်၊ မိုင်းသည် ကျောင်း ချီတုရင်သာရ ကျော်တပ်စု၊ မိုင်း မျည် ကြောင်း ချီသူရ နော်ရထာ၊ အိမ်ရှေ့ဝန်စည်သူရန္တမိတ် တို့တပ်စုများ ကိုမိုး နှံသို့သိမ်း၍ မိုး နဲတပ်တော်မှာ စောင့်နေထမ်း ရွက်စေ၊ သံတို့ကို ရွှေဘဝါး တော်အောက်မခေါ် စေနှင့်၊ သံတဲတွင် နေမြဲနေစေ၊ လက်ဆောင်ဘော်များ ကိုသာ ရွှေဘဝါး တော်အောက် ဆောင်ယူခဲ့စေ၊ သိန္နီ စော်ဘွား နှင့် တောကျား ဗိုလ်ကို ရွှေဘဝါး တော်အောက်ခေါ်စေ၊ စား တော်ကဲ နေမျိုး ရာဇာ ကျော်သူ အုပ်စုရှိုင် လှေသင်း သား တို့ရန်ကုန်မြို့သို့ထွက် ပြေး ကြောင်း နှင့် စား တော်ကဲကဒ္ဒိနိုး သံတော်ဦး တင်သည်၊ ထွက်ပြေး သမျှလူတို့ကို မြို့ဝန် ရေဝန် တို့ကစစ် ကြော၍ ရွှေဘဝါး တော်အောက်ဆက်ပို့လှာစေ။

14 March 1807

သက္ကရာဇ် ၁၁၆၈ ခုတကူး လဆန်း ၇ ရက် နေ့နား ခံဘယ ကျော်ထင်တွင်ပြန်။

(ရွှေး ဟောင်း သုဟေသန)

ဒဝယ်မြို့မှာရာဇသင်္ကြန်ကိုမြို့ဝန်ခန့်၊ အခွန်ဝန်စစ်ကဲ နားခံ မြို့စာရေး တို့မှာရုံးထား ထက်သွင်း ချက်အတိုင်း ဇေယတုရင်ကျော်ကိုအခွန်ဝန်၊ ဘယကျော်သူ ငမြတ်လေး တို့ကိုစစ်ကဲ၊ ဇေတုကမန် ဗလဥဒိန်တို့ကိုနားခံ၊ ငကုန် ဗလဒိဋ္ဌတို့ ကိုမြို့စာရေး ခန့်၊ အရင်ခန့်ထား သည့်မြို့ဝန် နေမျိုး ကာမဏိသင်္ကြန် အခွန်ဝန် ရဲလှရဲခေါင်ကျော်၊ စစ်ကဲပုံချီကျော်ခွာ၊ စည်သူဇေယကျော်၊ ငအောင်၊ နားခံ ဇညာရဲထင်ကျော်၊ မြို့စာရေး သူရရဲဆင်၊ ငကြွက်တို့ကို ရွှေဘိုး တော်အောက် လာစေ။

15 March 1807

သက္ကရာဇ် ၁၁၆၈ ခုတန်ခူး လဆန်း ၈ ရက်နေ့နားခံရာဇနော်ရထာ ထွင်ပြန်။

(ရှေးဟောင်းသုတေသန)

ယိုး ဒယား သံတို့တွင်သနား တော်မူရန် ရေနံ ၁၀၊ ကန့်ကူ ၁၀၊ ကျောက်ပျဉ် ၄ ချပ်၊ မြင်း ၄ စီး ၊ ယွန်း အစ် ၄၊ ယွန်း ခွက် ၄ များ ကိုဂုံထား ပြင်ဆင်၍အ သင့်ရှိစေ၊ ရာဇဝေလုကိုပခန်း မင်း ဝန်ခန့်။

16 March 1807

သက္ကရာဇ် ၁၁၆၈ ခုတန်ခူး လဆန်း ၉ ရက် နေ့နား ခံ ဇေယ နေဘ်ရထာ တွင်ပြန်။

(ရှေး တောင်း သူ ဘောသန)

ကျိုင်း ဂုံး နှီတုရင်သာရ ကျော်တို့တစ်စုမှာကျိုင်း ဂုံမဟာသနံ့နှင့်ဇင်း မယ်
ကောဝိလကတစ်စု ပေါင်း ရှက်၍ ခုခံ့ကိုက်နိုက်ကြရသင်း တို့တစ်စုပျက်ပြားး၍
မိုင်း ခဲမြို့ကိုရ ကြောင်း နှင့် ရွှေနား တော်ကြား တော်မူသည်၊ တုရင်သာရ
ကျော်တို့တစ်စုကိုမိုး နဲမြို့သို့မသိမ်း မခေါ် စေနှင့်၊ ကျိုင်း ဂုံ သည်ဝိဘွား စော
ခုံနှင့်ကျိုင်း ဂုံမြို့ ကျေး ရွာ များ ကိုရပ် နေပြုစုစေ။

17. March 1807

သက္ကရာဇ် ၁၁၆၈ ခုတန်ခူး လဆန်း ၁၀ရက် နေ့နား ခံဘယ ကျော်ထင်
ထွင်ပြန်။

(ရှေး ဟောင်း သု တေသန)

ကျောက်တိုက်လှည်း နှင့် ငွေပြည်သား တို့ကိုတလလျှင်ရိက္ခာ စပါး ၅ စိကို တော်ကထုတ်၍ပေး ၊ လှည်း နွား များ ကိုလည်း ကျောက်တူး ရပ်မှာ ချထား နေစေ ၊ ပြည်း မောင်း လှည်း နှင့်လူ စာရင်း ကိုလည်း သေချာ အောင် ပေး စေ။

18 March 1807

သက္ကရာဇ် ၁၁၆၈ ခုတန်ခူး လဆန်း ၁၁ ရက် နေ့ နား ခံဘယ ကျော်ထင် ထွင်ပြန်။

(ရှေး ဟောင်း သုတေသန)

19 March 1807

မိုး ဖိတ်မင်း မင်း ခင်း မင်း သမီး မိတ္ထီလာမင်း သမီး တို့မှာမင်း ကျော်သီဟကိုဝန်အရာနှင့်စီရင်မြဲစီရင်စေ။

19 March 1807

သက္ကရာဇ် ၁၁၆၈ ခုတန်ခူး လဆန်း ၁၂ ရက် နေ့ ဇေယနော်ရထာတွင်ပြန်။

(ရှေး ဟောင်း သုတေသန)

ပါဠိတော်စုကိုပုဒ်မသဝေမှုမယိုမယွင်း မကျမန စေရ၊ မှန်ကန်သေချာအောင် ဘည်း ပြုတ်ရေးသား စေသည်၊ ပါဠိတော်တွင်အနက်မြန်မာ မည်သို့ထွက်သည်သိ တော်မူလိုသော ကြောင့်အသီး အသီး ထုတ်နှုတ်ဆက်သွင်း စေရာအဋ္ဌကထာစကား များ ပါသည်မှာ ပါဠိတော်တွင်ပင်အဋ္ဌကထာစကား ပါသည်ဖြစ်မည်၊ အခြား သွတ်သွင်း ရေးသား ပါမည်ဖြစ်မည်ကိုယခုသွင်း ကြသည့်စာစုနှင့်ပါဠိတော်ကိုဆရာတော် တို့ရှေ့တိုက်ဆိုင်စေ၊ ညီလျှင်ညီကြောင်း ၊ မညီလျှင်မညီကြောင်း ကိုဆရာတော်က စာသွင်း စေ၊ ပါဠိတော်ကသာ ပို၍ပါလျှင်ထုတ်နှုတ်ဆက်သွင်း သည့်ရဟန်းတို့ကိုရာ ဇဝတ်စီရင်မည်၊ အမိန့်တော်ကိုဆရာတော်ထံပြန်စေ။

22 March 1807

သက္ကရာဇ် ၁၁၆၈ ခုတန်ခူး လဆန်း ၁၅ ရက်နေ့နား ခ ဗေယနော် ရထာတွင်ပြန်။

(ရှေး ဟောင်း သုတေသန)

BODAW HPAYA AYU WADA

KING BADON (1782 - 1819) AND HIS ATTITUDE ON BUDDHISM

ဘိုးတော်ဘုရား (ပဒုံမင်း ၁၇၈၂-၁၈၁၉) အယူဝါဒ

(Dates in Sakkaraj are given their equivelants in Christian Calendar; other dates which are not given the Christian equivalents are not supposed to be historical. The dates are :

19 August	1729	Debate on 'Covering with Monk Robe on leaving the Monastery only the Left or Both Shoulders'	p. 37
	1783	Record on Interrogations in each Administrative Unit taken	p. 12
	1792	When King Badon started to point out that some beliefs and practices were not correct	p. 1
19 August	1807	Last Debate on 'Left or Both Shoulders'	p. 32
2 December	1809	Conference on 'Later Interpolations in Pitaka'	p. 33
27 February	1813	Discussion on why a monk is sometime called Bazin (Pañcan: - One who has the Five Attributes)	p. 13
1 March	1813	Monks admitted that they had been wrong	p. 16
30 January	1814	King's Primate had to leave the monkhood	p. 39
23 May	1818	King's Attitude on Buddhism recorded	p. 1
1 June	1818	King's Attitude on Buddhism recorded	p. 7

(22 March 1807)

Appendix : Bodaw Hpaya Ayu Wada - King Badon (1782 - 1819) and His Attitude on Buddhism

1792
ဆဒ္ဒန်ဆင်မင်း သခင်မင်းတရားကြီး ဘုရားနန်း စံ ၁၀နှစ်ကျော်ကစ၍
23 May 1818
(နန်းစံ ၃၆နှစ်) စမ္မာဓိမာသ်သုဒ္ဒိဒိန်ဂ၂၆ဝါဆိုလဆန်း ၁ရက်တိုင်နန်းစံ ၃၇နှစ်အတွင်း လောကဓါတ်ဖြစ်ပျက်ခြင်း၊ အသက်ရှိသော သတ္တဝါတိရစ္ဆာန် အသက်မရှိသော သစ်ပင် တော တောင် ရေ မြေတည်ဟန်၊ ကုသိုလ်ဘာဝနာနိဗ္ဗာန် တရားများ ကိုသူတပါးတို့ဉာဏ်ဆက်ဆံ ရောနှောခြင်း မရှိ၊ ပတတီ အထင်တော်အတိုင်း အမိန့်တော်ရှိသမျှကိုပညာရှိသောသူတို့စွဲယူဆင်ခြင်သာအောင် မှတ်သားသည့်စကား စုဘုရား ။

အသက်မရှိသော တော တောင် ရေ မြေသစ်ပင်ဆိုသမျှမှာတရားလေးပါး ပြုပြင်၍ဖြစ်သည်၊ လေးပါးတရားကား တေဇော၊ ဝါယော၊ အာပေါ၊ ပထဝီ၊ တေဇောမှာပူသောသတ္တိ၊ ဝါယောမှာလှုပ်ရှားသောသတ္တိ၊ အာပေါမှာစိုစွတ်သောသတ္တိ၊ ပထဝီမှာခိုင်မာသောသတ္တိ၊ ထိုတရားလေးပါးသည်လျှင်တဦးကိုတဦး မှီ၍ဖြစ်လေသည်ချည်း ၊ ပူသောကြောင့်လေဖြစ်သည်၊ လေဖြစ်၍ရေဖြစ်သည်၊ ရေဖြစ်၍အစိုင်အခဲဖြစ်သည်၊ ဥပမာကား ယမ်းစိမ်း ရေကိုမီးဖြင့်ကျိုသည်ရှိသော် ထိုရေသည်အစိုင်အခဲဖြစ်၍ နေသကဲ့သို့ တောင်းကင်မိုးသီးတို့သည်အခဲဖြစ်၍ကျလာဘိသကဲ့သို့ထိုအတူပူသောတရားပြုပြင်၍ဖြစ်သည်၊ လောကသုံးပါးတွင်ထိုတရားလေးပါးနှင့်ကင်းလွတ်သည့်အရာမရှိဟုသိအပ်မှတ်အပ်၏၊ ထိုတရားလေးပါးပြုပြင်သည့် အကြောင်းအရာမှာလည်း တေဇောအားကြီးသောဝတ္ထုလည်းရှိသည်၊ ဝါယောအားကြီးသောဝတ္ထုလည်းရှိ၏၊ အာပေါအားကြီးသောဝတ္ထုလည်းရှိသည်၊ ပထဝီအားကြီးသောဝတ္ထုလည်းရှိသည်၊ တေဇောမှာပူသောသတ္တိ၊ ဥပမာကား အဂ္ဂိမီး နေများကိုတေဇောအားကြီးသောဝတ္ထုဟုသိအပ်မှတ်အပ်၏၊ လှုပ်ရှားပြောင်းပြော့တတ်သောသစ်ပင်သစ်ရွက်စသည်တို့ကိုဝါယောအားကြီးသောဝတ္ထုဟုသိအပ်မှတ်အပ်၏၊ ငှက်ပျောပင်၊ ဖရုံ၊ ဖရဲစသည်တို့မှာအာပေါဓါတ်အားကြီးသောဝတ္ထုဟုသိအပ်မှတ်အပ်၏၊ စိန်မှစ၍ ကျောက်ခဲ၊ သံခဲ၊ အရိုးဆိုသမျှမှာပထဝီဓါတ်အားကြီးသောဝတ္ထုဟုသိအပ်မှတ်အပ်၏၊ ထိုတရားစုမှာတပါးတပါးလျှော်လေးခုစီချည်းဟုသိအပ်မှတ်အပ်၏၊ အသက်ရှိသောသတ္တဝါတိရစ္ဆာန်ကြီးကြီးငယ်ငယ်ဟူသမျှမှာ တေဇော၊ ဝါယော၊ အာပေါ၊ ပထဝီ၊ စေတသိက်ထိုတရားငါးပါးသည်

ခန္ဓာငါးပါး မည်၏။ တေဇောမှာ ပူခြင်း။ ဝါယောမှာ လှုပ်ရှားခြင်း။ အာပေါမှာ ဖွတ်ဖိုခြင်း။ ပထဝီမှာ ခိုင်မာခြင်း။ စေတသိက်မှာ အထူးထူး အထွေထွေ ကြံစီ အောက်မေ့ခြင်း။ ထိုငါးပါးတွင် တပါး တပါး လျှင် တေဇော၊ ဝါယော၊ အာပေါ၊ ပထဝီ၊ စေတသိက်အား ဖြင့် ပေါင်း ငါးပါး စသည်ဖြစ်သတည်း။

ထိုတရား ငါးပါးတွင် စိတ်နှိပ်စွန်းတရား ကိုထည့်သည်ရှိသော် ခြောက်ပါး ဖြစ်သတည်း။ ထို ခြောက်ပါး တို့တွင် ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ ထိုတရား သုံးပါး ထည့်လျှင် ကိုးပါး ဖြစ်သတည်း။ ထိုကိုးပါး သောတရား သည် ပဌမဘာဝ၊ မည်သည်တွင် မှ ပြတ်လပ်ခြင်း မရှိ တရား ကို စင်း စင်း တည်း။ ထိုကိုးပါး သောတရား သည် ဒုတိယဘာဝမှ ဖြစ်သော သတ္တဝါတို့ ခန္ဓာကိုယ် ဖြစ်လာသည့် ကာလ အာရုံတပါး၊ အဟာရတပါး၊ ပေါင်း တစ်ဆယ့်တစ်ပါး ဖြစ်သတည်း။ သုံးဆယ့် တစ်ဘုံ ဖြစ်ခြင်း အကြောင်း အရာကား စုတေ၍ တတိယဘာဝမှ ဖြစ်သော သတ္တဝါတို့သည် ကုသိုလ်အကုသိုလ်အား လျော်စွာ မိဘနှစ်ပါး ပေါင်း သည်ရှိသော် အမိမှ ဖြစ်သော သုတ်သွေး၊ အဘ ခန္ဓာ ဖြစ်သော သုတ်သွေး ထိုနှစ်ပါး ခန္ဓာ ဖြစ်သော သုတ်သွေး တို့သည် အမိ ခန္ဓာ ဖြစ်သော သားအိမ်တွင် တေဇော မှတ်သဖြင့် ဝါယော ချုပ်၍ စုတေ သော သတ္တဝါတို့သည် အာရုံတရား နှင့်တကွတည်း၏။ ရေကသည် ရေနောက်၊ ရေနောက်ကသည် ရေမြှုပ်၊ ရေမြှုပ်ကသည် သွေးခဲ၊ သွေးခဲကသည် သား တစ်၊ သား တစ်ကသည် ခက်မငါး ဖြာ၊ ဆံ အမွေး၊ ခြေသည်း၊ လက်သည်း၊ မျက်စိ၊ နား၊ နှာခေါင်း အစရှိသော သုံးဆယ့် နှစ်ပါး သော ဒွတ္တိံသကာယ သည် ဖြစ်၍ တည်၏။ အမိဝမ်း တွင်း ခန္ဓာရှိ သော သား ငယ် သည် ပဝပ်က အဟာရ မိစား ရသည် မဟုတ်၊ အမိစား သော အစာကို နှုး ညှိသိမ်မွေ့ သဖြင့် ယူပယ်ချက်ကဝင်၍ ခံစား ရ၏။ ငှင်း အစဉ်အတိုင်း နေ၍ ဖွား မြင်ကြီးရင့် သည့်ကာလ ကုသိုလ်အကုသိုလ် နှစ်ပါး တွင်ကျင့်ရသည့်တရား ကား ဘုရား မဖြစ်မီက နှာဦး အစက ပါဏာတိပါတ အစရှိ သောတရား လေးပါး ရှိသည်။ ပါဏာတိပါတာ ဝေရမဏီ၊ သူ၏အသက်ကို သတ်မည် မကြံခြင်း။ အဒိန္နာဒါနာ ဝေရမဏီ၊ သူမပေး သော ဥစ္စာ ကို စိတ်ကယူ မည် မကြံခြင်း။ ကာမေသု မိစ္ဆာစာရာ ဝေရမဏီ၊ မေထုန် ဝါသ ပြုမည် မကြံခြင်း။ မုသာဝါဒါ ဝေရမဏီ၊ မမှန်သည့် စကား ကိုဆို မည် မကြံခြင်း။ ဤတရား လေးပါး နှင့် ဒါနဒါန်း၊ အလှူပေး ကမ်း စွန့်ကြံခြင်း။ သီလ၊ သီလ ဆောက်တည်ခြင်း။

ထိုတရား စုကို နေ့စဉ်မပြတ် ဆောက်တည်ကျင့်ကုန်ရာ၏၊ ထိုတရား ကိုကျင့်၍ စု တေ
လျှင်နတ်သိကြား ဗြဟ္မာဖြစ်ကုန်၏၊ မကျင့်လျှင် ခွေး၊ ဝက်၊ တိရစ္ဆာန်ဖြစ်ကုန်ရာ၏၊ ထိုသို့ ခဲ့ပြီး
ဒေါ်တရား လေးပါး၊ ဒါန၊ သီလနှင့် နိဗ္ဗာန်ကိုအကျိုးမပေးရေ့ သေး၊ ဥစ္စာစီးပွားပြည့်စုံကုံတံ
ခြွယ်ဝ သော်အကြောင်းသိတည်း၊ ဘါဝနာ၌သာ ဝဋ်တရား လွတ်၍ နိဗ္ဗာန်တည်း ဟူ သော
ချမ်းသာခြင်း စိတ်တရား သို့ ရောက်မည်ဟုနှလုံး သွင်း ယူ လေကုန်ရာသည်၊ စိတ်
နိဗ္ဗာန်တရား ဖြစ်သည့်အရာမှာ ပူ သောတရား အစရှိ သော ငါး ပါး သောတရား
တို့သည်ပြုပြင်၍ဖြစ်သည်၊ ထိုဖြစ် သော နိဗ္ဗာနတရား ကို တော ဇော ဇ သော ခန္ဓာ ငါး
ပါး သောတရား တို့သည် ဖျက်ဆီး ခြင်း ငှါမတတ်နိုင်၊ စိတ်နိဗ္ဗာန်တရား သည်အဖွဲ့
နဖွဲ့ဖြစ် သောသင်္ချာယတရား မှတင်း လွှတ်၍ငြိမ်သက်တည်ကြည်ခြင်း ရှိ၏၊ ဆောက်ပြန်
ခြင်း မရှိ၊ နိဗ္ဗာန်ကို ပျောက်သည်ဟု မယူ ကောင်း ၊ လဒ္ဓါမူ ဒါနိဗ္ဗုတိဘူမနာ၊
လဋ်၊ ရုပ်၊ မူ ဒါ၊ အရင်း ဥစ္စာ မရှိ၊ နိဗ္ဗုတိဘူ မာန၊ နိဗ္ဗာန်၏အရသာကို ခံစား
လျက် နေရမည်၊ ထိုပြင်အဝိရုဠှိဆန္ဒာ၊ နိဗ္ဗာနံ၊ ဆန္ဒတရား လွတ်ကင်း လျှင်၊ မျက်
မှောက်နိဗ္ဗာန်ဖြစ် ကြောင်း ကိုမဟာပဋိတ် တော်တွင်မြွက်ဆိုဘုရား ဟော တော်
မူသည်၊ ထိုပြင်ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဘာ၊ ငါသည်၊ ပဋ်ဟိ၊ ဇွန်ပြီ၊ လူမင်း၊ နတ်မင်း၊
ဗြဟ္မာမင်း တို့ကိုဝင်ချမ်း သာခြင်း ရှိသည်ဟုနှလုံး စွဲယူထင်မှတ်ကြ လေသည်၊ မိမိတို့
ကိုယ်ကိုအစိုး မရ၊ အနတ္တအမှန်ဖြစ်သည်၊ ဥပမာကား ၊ စိတ်နိဗ္ဗာန်တည်း ဟူ သော
ချမ်း သာကိုအကု ရေစုပြီး လျှင်တစုနှင့်တစုတွင်တဝက်၊ တဝက်တွင်တစိတ်၊ တစိတ်တွင်
တချမ်း မှုဆိုခဲ့ပြီး သောလူမင်း နတ်မင်း ဗြဟ္မာမင်း တို့ချမ်း သာသည်မမှီ ချေသေး၊
ထို့ကြောင့်နိဗ္ဗာန်ချမ်း သာကိုအလွန်နက်နဲရခဲ၏ဟုပညာရှိ သောသူတို့ အောက်မေ့
ဆင်ခြင်ကုန်ရာသည်၊ သံသရာနှင့်မတွေ့ မရှက် ကြောင်း ကိုလည်း ကတာဝတ္ထုကျမ်း
တွင်ဝိသံခါရဂတံ၊ စိတ္တံ၊ သံခါရနှင့်ကင်း သော စိတ်ဟူ၍ငှင်း မဟာပဋိတ် တော်တွင်
ဝိရဇ္ဇစိဿာ၊ စိတ်သည်တတ်ခြင်း ကင်း ၏၊ မဂ်လာတရား တော်တွင်လည်း ရဿစိတ္တံ
နတ်ပတ္တိ၊ အသောကံ ဝိရာဇံ၊ ခေမံဟူ၍ ငှင်း ၊ စိတ်သည်ခပ်သိမ်း သော ဘေး ရန်
မရှိ၊ ရဿထွက်သည်၊ ရဿဖြစ်လျှင်လည်း အကြင်သူ၏ စိတ်သည်တုံလှုပ်ခြင်း မရှိ၊ အတွေ
တွေကြုံစိတတ် သော စေတသိက်သာတုံလှုပ်ခြင်း ရှိသည်ဟုသိအပ်မှတ်အပ်ကုန်ရာ၏၊
နိဗ္ဗာန်ရသည့်အကြောင်း တရား မှာဘာဝနာသာ မူလရင်း တည်း ၊ ပူ သောတရား။

ပြုပြင်၍ဖြစ်သော ခန္ဓာငါးပါး ၊ အတ္ထိ ၊ နတ္ထိ ၊ ဖြစ်တုံပျက်တုံအညံ့မစဲ ၊ ဖြတ်တတ်
သောတရားကိုဘာဝနာဖြင့်ဆင်ခြင်ရမည်မှာ မနေသာပုပ္ပဂ်မာ မမွှာဟုဆို
သောကြောင့် စေတသိက်ဖြစ်သော အထူးထူး အထွေထွေကြံစီတတ်သော နှလုံးကို
တခြားပေါ်ကိုမပြန့်မလွင့်စေရ ၊ ထွက်သက်ဝင်သက်အာနာပါနတို့အကြောင်းတည်း
ဖြစ်အောင်အောက်မေ့ဆင်ခြင်ဟုန်ရသည် ၊ ထိုမှတပါး အနိစ္စ ဒုက္ခ ၊ အနတ္တ ၊ လက္ခ
ဏာရေးသုံးပါးမှာလည်း အနိစ္စ ၊ အမြဲမရှိဆောင်း ရှိခြင်းသာဖြစ်သည်တု ၊ ဒုက္ခ
ဆိုဖြစ်ခြင်းသည်မခြဲ ၊ ဆင်းရဲကြည့်ပင် ၊ အတ္ထိ ၊ နတ္ထိ ၊ ဖြစ်ပြန်သောကြောင့် ၊
တစုံတခုမရှိသောကြောင့် ၊ တစုံတခုမရှိသောအနတ္တ ၊ ဖြစ်သည်ဟုအင်္ဂါ ၊ နင်းဖြ
သောတရားကိုအောက်မေ့ဆင်ခြင်ခြင်းသည်ဘာဝနာမည်၏ ၊ ထိုသို့ဆင်ခြင်၍
အတ္တ ၊ လွတ်သည့်အခါ ၊ စုတေလျှင်ဘဝမဖြစ်ချမ်းသာခြင်း ဗိတ်နိဗ္ဗာန်
တရားဟူ၍ ၂ လုံး ဖွဲ့ယူရမည် ၊ အိုခြင်း ၊ နာခြင်း ၊ သေခြင်း ဆင်းရဲခြင်း ၊ ငတ်
မွတ်ခြင်း ၊ ချောင်းပါးခြင်းများမှာသာမညဆင်းရဲခြင်း အပသာဖြစ်သည် ၊
ပြုပြင်ရင်းတရားကိုဆင်ခြင်မှအနိစ္စ ၊ ဒုက္ခ ၊ အနတ္တ ၊ လက္ခဏာရေးသုံးပါး ထင်
မည်ဟုမှတ်အပ်၏ ၊ ပြုပြင်ရင်းတရားကိုမမြင်ဟူ၍မရှိမဟုတ် ၊ ရှိသည်အမှန်ဖြစ်
သည် ၊ ဥပမာကား စမွယ် ၊ စကား ၊ ခရား ၊ မုလေး ၊ ဒေါ်နအစရှိသော
ပန်းတို့ကိုနှာဖြင့်ငဲသည်ရှိသော်အသီးသီး မွှေးလှိုင်သောအနံ့သည်ထွက်၏ ၊ ထိုမွှေး
သောအနံ့သည်လည်း မှန်၏ ၊ ပူစပ်၏ ၊ ထိုအပူခွဲခံသည်ရှိသော်ပူသည်ကိုသိ၏ ၊ ထိုအပူ
ကိုခွက် ၊ တောင်းအစရှိသည်ဖြင့်ခပ်ယူခြင်းကိုပြုသော်မရနိုင်သကဲ့သို့ထိုအတူပြုပြင်
တတ်သောတရားကိုတရားရင်းရှိသည်အမှန်ဟုသိဒေ်မှတ်အပ်၏ ၊ သစ္စာလေးပါး
တရားကား သမုဒယသစ္စာ ၊ ဆိုခဲ့ပြီး သောတရား ပြုပြင်၍ဖြစ်သမျှကိုအမည်သညာ
အဖြူအမဲ ခေါ်ဝေါ်သမျှသည်သမုဒယသစ္စာမည်၏ ၊ ထိုသမုဒယသစ္စာသည်သမုတ်ခါမျှ
သာမပြီး ၊ ဆင်းရဲသောအကြောင်း ဒုက္ခသစ္စာမည်၏ ၊ ထိုသမုတ်ခါမျှသာဖြစ်သော
မမြဲခြင်းတည်းဟူသောဆင်းရဲခြင်းကိုတဒင်္ဂပယ် ၊ ဝိက္ခမ္ဘနပယ်ဖြင့်ဖျက်ခြင်း ၊
ပယ်ခြင်းသည်မဂ္ဂသစ္စာမည်၏ ၊ ဖြက်သောမင်္ဂသည်နိဗ္ဗာန်မည်၏ ၊ မြတ်စွာဘုရား
သည် နေဝင်ဆဲအခါတွင် ဥဇောမိပလ္လင်သို့ရောက်သည်ကိုယူ၍ နာ ၁၅၀ ရှိသောဂီရိမေ
ဂလာဆင်တဟ်လက်ရုံး တထောင်မန်ဆင်း၍မရေထွက်နိုင်သောဗိုလ်ပါနှင့်မာနပ်

သည်ဘုရားကို စစ်ပြိုင်လာသည်ဟုဆိုသည့်စကား မဟုတ်၊ မာန်ငါးပါးကို အောင်သည်ဆိုသည့်စကားမှာလည်း ခန္ဓာငါးပါး တရားကို တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်ဖျက်ခြင်းဖြင့် တရားကိုသာ မာန်ငါးပါး ယူသင့်သည်၊ မြတ်စွာဘုရားနှင့် မာန်နတ် စစ်ပြိုင်စုမရှိ၊ ထိုကြောင်းမှာလည်း လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီကိုဖြည့်တော်မူသည်ကို တဒ္ဒကပ်ကမ္ဘာ ဖွင့်သီဝရာဇ်မင်း၊ ဝေဿန္တရာမင်းတို့ စွန့်ကြဲပေးကမ်းလှူဒါန်းသည်ကို ဆိုသည်များမှာလည်း အုပ်ခေါင်းကိုဖြတ်၍ လှူခြင်း၊ မျက်လုံးကိုထုတ်၍ လှူခြင်း၊ မြေပေါ်၌ရှိသော စဖိုခနောက်နည်း၏၊ ငါ၏ဦးခေါင်းများ၏၊ မိုး၌ရှိသော ကြယ်နည်း၏၊ ငါ၏မျက်လုံးတော်များ၏၊ ထိုမှတပါး ရဇ္ဇပရိစ္စာဂ၊ တိုင်းပြည်ကိုစွန့်ခြင်း၊ ပုတ္တပရိစ္စာဂ၊ သားသမီးတို့ကိုစွန့်ခြင်း၊ ဘရိယပရိစ္စာဂ၊ မယားကိုစွန့်ခြင်း၊ အင်္ဂပရိစ္စာဂ၊ ခြေလက်စသော အင်္ဂါကြီးငယ်ကိုစွန့်ခြင်း၊ ဇီဝိတပရိစ္စာဂ၊ အသက်စွန့်ခြင်း၊ စွန့်ခြင်းကြီးငါးပါးကို စွန့်နိုင်သည်ဟူ၍ဆိုလျက် မာန်နတ်သား ပလ္လင်ဗောဓိပင်ကိုလို၍ တောင်းသည်မှန်လျှင် မြတ်စွာဘုရားကလည်း နှမြောစုမရှိ၊ မာန်နတ်ကလည်း ပလ္လင်ကိုလိုချင်စုမရှိဖြစ်သောကြောင့် မာန်နတ်ကသက်သေပြုရမည်၊ ဘုရားအားသက်သေပြရာ မြေသည်ဝက်ဝက်ခွဲ၍ မြေထဲက ဝသုန္ဒြေဆံကိုညှစ်၍ပြရသည်ဆိုသည်၊ ဆိုသည့်စကားများလည်း ရှေ့နောက်မညီ၊ မဟုတ်မမှန်ဟုပညာရှိတို့ဆင်ခြင်ကုန်ရာ၏၊ ဆိုခဲ့ပြီးသော မျက်လုံးတော်တို့ကိုထုတ်၍ လှူခြင်း၊ ဦးခေါင်းတော်တို့ကိုဖြတ်၍ လှူခြင်းများသည် အလှူမဟုတ်၊ ပါဏာတိပါတအစရှိသော တရားလေးပါးဖွင့်အသက်ကိုသတ်၍ မလှူအပ်သည်ကို ဦးခေါင်း မျက်လုံးများကိုဖြတ်သတ်လှူသည်များသည် ပါဏာတိပါတတရား မကင်း၊ အသက်သတ်ခြင်းပင်ဖြစ်သည်၊ ခန္ဓာကိုအသက်ကိုလှူသောသူတို့မြတ်သောဘုရားအဖြစ်သို့ရောက်လျှင် တံငါ၊ မုဆိုး၊ သားသိုး၊ ငှက်ခတ်တို့သည်လည်း ဘုရားအဆူဆူပင်ဖြစ်လေကုန်ရာသည်၊ သင့်မသင့်၊ ထိုမှတပါးလည်း မြတ်စွာဘုရားသည်မာန်နတ်ကိုအောင်သည်မှ စ၍ လေးဆယ့်ငါးနှစ်ပတ်လုံး ကိလေသာတဏှာများကိုပယ်ဖျက်နိုင်သည်ဆိုသည်များလည်း လေးဆယ့်ငါးနှစ်ပတ်လုံး တချိန်တခါတည်းနှင့် ကိလေသာတဏှာကိုမဂ်ဖြင့်ဖြတ်ပယ်နိုင်သည်မဟုတ်၊ တဒင်္ဂပဟာန်၊ တခဏမျှပယ်ဖျက်နိုင်ခြင်း၊ ဝိက္ခမ္ဘနပဟာန်၊ ခုနစ်ရက်မျှဖြတ်ပယ်နိုင်သည်ဖြစ်သည်၊ ဖြတ်ပယ်နိုင်သည့်အ

ခါကိုလည်း အတ္တိ၊ နတ္တိဖြစ်သော ခန္ဓာ ငါး ပါး တရား ကင်း လွတ်၍ငြိမ်သက်ပြီး လျှင် တဖန်ခန္ဓာငါး ပါး တရား စေ့ဆော်ပြုန်၍အိပ်ခြင်း ၊ စား ခြင်း ၊ သွား ခြင်း၊ လာခြင်း များ ကိုပြုပြန်ရသည်၊ ကိလေသာတဏှာကုန်လျှင်သွား ခြင်း ၊ လာခြင်း ၊ တရား ဟောခြင်း ၊ သတ္တဝါတို့ချွတ်ခြင်း ပြုဖူးခြင်း မရှိ၊ ထို့ကြောင့်မဟာဝီရိယ မဂ္ဂဘာဝနာ၊ အစရှိသည်ဖြင့်လုံ့လပြု၍ မဂ်ကိုမပြတ်ပွါး များ ရာ၏၊ ကုသိုလ် သော်လည်း မြတ်စွာဘုရား မှာမဟာဝီရိယလုံ့လပြုရသည်မှာလည်း လယ်လုပ်ခြင်း ၊ ကုန်သွယ်ခြင်း၊ ဥစ္စာရှာခြင်း ၊ သိုထား မွဲခြင်း များ ကိုပြုရသည်ဟုသိအပ်မှတ်အပ်ကုန်ရာသည်၊ အသညသတ်ဘုံ၌ရုပ်သာရှိ၍နာမ်မရှိဆိုသောကြောင့်ဧကဝေါကာရဆိုသောစကား မှာလည်း မတုံမလှုပ်ရုပ်ချည်း သာ မဟုတ်၊ တေဇော ၊ ဝါယော ၊ စ သော ခန္ဓာ ငါး ပါး နှင့်ပေါင်းဖြစ်သည်၊ မတုံလှုပ်ဆိုသည်လည်း ကြက်ဥယံ၌ကြက်သူငယ်သည်မျက်စိ၊ နား ၊ နှာ ခေါင်း အစုံရှိလျက်မတုန်မလှုပ်၊ ထိုမှတပါး ပိုး တုံလုံး တို့သည်ထိုအတူအသညသတ်ဘုံနိုက် လည်း ခန္ဓာငါး ပါး တရား နှင့်ကုသိုလ်အကုသိုလ်အလျောက်ဖြစ်သည်ဟုသိအပ်မှတ်ကုန် ရာ၏၊ ပြုပြင်ရင်း တရား သည်အသညသတ်ဘုံနိုက်ပြုပြင် သောတရား လည်း ဆိုခဲ့ပြီး သောတရား ငါး ပါး ပင်၊ မငြိမ်သက် သော သတ္တဝါရှိ သော မြေ့မှာလည်း ထိုတရား ငါး ပါး ပင်ပြုပြင်၍ဖြစ်သည်၊ အသညသတ်ဘုံနိုက်ပြုပြင်သည့်တရား အခြား မဟုတ်၊ သတ္တဝါရှိရာဘာသာအလျောက်ဖြစ်ကြလေသည်၊ ထိုမှတပါး ဟမြင်း နှိ၊ ပဗ္ဗက်နီ မှာလည်း ဆိုခဲ့ပြီး သောထိုတရား ငါး ပါး ပင်ပြုပြင်ကုန်သည်၊ တရား ငယ်မဟုတ်၊ ဆင်အစ ရှိသောငါး ကြီး အာနန္ဒာတို့မှာပြုပြင်သည့်တရား (လည်း တရား)ကြီး မဟုတ်၊ အတူတူပင်တည်း ၊ ထိုသို့သိအပ်မှတ်အပ်ကုန်ရာသည်၊ ကာယကံ၊ ဝစီကံ၊ မနောကံ၊ ကံသုံး ပါး ၊ ကာယကံပြုသည့်အပြစ်ကြီး သည်၊ ဝစီကံ၊ မနောကံ၊ အပြစ်ငယ်သည်ဟု စာပေကျမ်း ဂန်ထွက်ရှိသည်ဆို၍ဖွဲ့ယူထင်မှတ်ကြလေသည်၊ ကိုယ်ဆုံးလျှင်မင်ပရိုက်တော် တွင်၊ သဗ္ဗာယတ္ထိကိတ္ထိတခုဆိုသောကြောင့်သဗ္ဗာယဒိဋ္ဌိဖြစ်ကြောင်း ကိုလွှတ်သည်၊ ကိုယ်မှာအနတ္တမဟုတ်၊ အနတ္တပြုပြင်ကြင်ဖြစ်သည်၊ ခန္ဓာ ကိုယ်၏အတွင်း မနော သာလျှင် ရှေ့သွား မနော နောက်မှ ဝစီ၊ ဝစီ နောက်မှကာယကံဖြစ်သည်၊ မနော အစေကိုကာယကံမှုဖြစ်သည်၊ ထို့ကြောင့်မနောပုဗ္ဗင်္ဂမာ ဓမ္မာဆိုသည်နှင့်အညီနှလုံး စေ တသိက်သာအမြစ်အရင်း ဟုလောကအကြောင်း တရား ကဲ့သို့ရှုသောသူတို့သည်မိစ္ဆာ

(22 March 1807)

1 June 1818

စစ်စစ်ဟုသိအပ်မှတ်အပ်ကုန်သည်။ ဆဒ္ဒန်ဆင်မင်း သခင်ဘဝင်မင်း တရား ကြီး နန်း စံ၃၆နှစ် (စမ္ဗာ) ဓိမာသိသုဒ္ဓဒီနီ (၀၃၅) ဝါဆိုလဆန်း ၁၀ရက် နေ့ ရွှေနန်း တော်စန္ဒ ဆောင်တွင်အမိန့်တော်ရှိသည်။ စိတ်တရား သဗ္ဗဝါ ကြီး ကြီး ငယ်ငယ်ဆိုသမျှရှိ၏။ ရှိခြင်း ကား တေဇော ကြောင့်ဝိရော၊ ဝိရော ကြောင့်အာ ဘော၊ အာ ဘော ကြောင့်ပထ ဝီ၊ ပထ ဝီ ကြောင့် ခေတသိတ်၊ စေတ ပီတ် ကြောင့်စိတ်ဖြစ်သည်။ ဗြဟ္မာနှစ်ဆယ့်တစ်မှစ၍ အောက်သို့လား သဖြင့်၊ ကြီး ကြီးငယ် ငယ်၊ ယုတ်ယုတ်မြတ်မြတ်တို့၌ စိတ်နိဗ္ဗာန်တရား သည်ငရဲမှစ၍အပယ်ခံရသမျှလူတို့မှာ လည်း စိတ်နိဗ္ဗာန်တရား ရှိသည်။ ခံရသည်ကာလစိတ်နိဗ္ဗာန်တရား မခံရ၊ စေ တသိတ်ခန္ဓာငါး ပါး တရား သာခံရ လေသည်။ မဂ်လာတရား တော်တွင်ဖုဒ္ဓသ လောကဓမ္မေဟိ၊ စိတ္တံ့ရဿ၊ နက်ပတီ၊ အာ သောက၊ ဝိရဇံ၊ ခေမံဟူ၍လာရှိသည်။ လောကေ ဓမ္မေဟိ၊ လောကဓံတရား နှင့်ဖုဒ္ဓဿ၊ တွေ့ထိ သော၊ ရဿ၊ အကြင်သူ၏၊ စိတ္တံ၊ စိတ်သည်၊ နက်ပတီ၊ မတုန်မလှုပ်၊ အာ သောက၊ စိုး ရိမ်ခြင်း လည်း မရှိ၊ ဝိရဇံ၊ ရန်မက်ဟူ သောမြူလည်း မရှိ၊ ခေမံ၊ ဘေး လည်း မရှိဟူ၍သာဆိုသည်။ ရှေး အယူဝါဒနှင့်အနက် ပေး ကြသည်မှာ ရဿ၊ အကြင်ရဟန္တာ၏ဟူ ပေး ကြသည်၊ ရဟန္တာ ပါဠိမထွက်မရှိ၊ လောကဓမ္မေဟိမှာလည်း လောကတရား သာအနက်ရသည်။ လော ကဓံတရား ဟူ၍ ပါဠိမထွက်မရှိ၊ စိတ်သည်မတုန်မလှုပ်၊ နက်ပတီဖြစ် ကြောင်း ကိုလို ရှိသည်။ ထို့ ကြောင့်စိတ်နိဗ္ဗာန်တရား သည်ကမြင်း နီမှစ၍ဗြဟ္မာကြီး တို့မှာလည်း စိတ်နိဗ္ဗာန်တရား ရှိသည်။ လူ့ဒါန်း သမျှမှာလည်း သဗ္ဗဝါတဦး ကိုရည်၍စိတ်နိဗ္ဗာန် တရား ကိုရည်၍လျှာလျှင်ပုဂ္ဂလိကဖြစ် တော့သည်။ နှစ်ဦး သုံး ဦး လေး ဦး ငါး ဦး စ သောသူတို့ရသည်။ စိတ်နိဗ္ဗာန်တရား ကိုရည်၍လျှာလျှင်သံဃိကမည် တော့သည်ဟုမဲထီး ဆရာ၊ စလင်း ဆရာ၊ မောင်း ထောင်ဆရာတို့နှင့်မင်း တိုင်ပင်အမတ်မဟာ ရာဇသကြိ ၊ ဒဖါင်တော် ကူး ဆရာတို့ကို မေး တော်မူသည်၊ အမိန့် တော်ရှိသည် အတိုင်း မှန် ပေသည်၊ ပါဠိတခြား ၊ အနက်တခြား ထွက်ကြသည်၊ အထက်ကဆရာတို့ ပေး သည်ကိုအဓွဲပြု၍ယူ မိ ပေသည်၊ တရား နှင့်ဆင်ခြင်လျှင်စိတ္တာ နုပဿနာသတိ ပဋ္ဌာန်ကျမ်း တွင်သရာဂစိတ္တံ၊ တဏှာဖြစ် သောစိတ်ဟုဆို သော ကြောင့်စိတ်နိဗ္ဗာန် တရား ကိုမဉ္ဇိမ်မသက်ဟုယူမိလျက်ရှိ ပေသည်၊ သရာဂစိတ္တံမှာအခြား တပါး ပါဠိ တော်

အထောက်အပံ့မရှိ၊ ရဿစိတ္တနက်ပတိမှာသာ၊ စိတ္တတဏှာခန့်ငယ်၊ မြစ်စေကာဟူ သောပါဠိတော်၊ ဟိတ ပဿနီဟူသောပါဠိတော်အထောက်အပံ့ရှိ၍ နိုင်ခန့်စွာစိတ် နိဗ္ဗာန်တရား ငြိမ်သက်ကြောင်း ရပေသည်၊ သဗ္ဗဝိတရိုဿာန်ကြီး ကြီး ငယ်ငယ် ယုတ်ယုတ်မြတ်မြတ်မှာပင်စိတ်နိဗ္ဗာန်တရား ရှိသည်ဖြစ်လျက်ရဟန်း တဦး ကိုရည်၍ လှူလှူင်ပုဂ္ဂလိကအမှား သယ်ာ (ကိုရည်၍လှူလှူင်သံဃိက) ဟုခွဲယူကြပေသည်၊ စိတ်နိဗ္ဗာန် တရား ကိုရည်၍ မလှူပေ၊ တရား ပြုပြင်၍ဖြစ်သည်၊ အကောင်း ကိုသာခွဲလမ်း လှူ ဒါန်း ပေး ကမ်း ကြပေသည်ဟုအသီး သီး ထွက်ဆိုသည်၊ မင်္ဂလာတရား တော်မှာလည်း အဇ္ဈတ္တနဇ္ဈတ္တဖြစ် သောသိလဗ္ဗတဂါကိုဘာဝနာဖြင့်တဒင်္ဂပယ်ဖြတ်သည့်အခါတခဏမျှငြိမ်သက် ခြင်း ၊ ခုနစ်ရက်မျှငြိမ်သက်ခြင်း (ပင်) မရ်မည်၏၊ ခုနစ်နှစ်ပတ်လုံး ငြိမ်း သည် ကိုမျက်မှောက်နိဗ္ဗာန်မည်၏ဟုသိအဝ်မှတ်အဝ်ကုန်ရသည်၊ စာပေကျမ်း ဂန်ထွက် ရှိသည်ဟူ၍ယူကြသည်၊ တဂျီးမှ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ရှစ်ပါးကိုမဂ္ဂင်ရှစ်ပါးဟုဆိုကြသည်၊ ကောင်းသောအမြင်၊ ကောင်း သောအကြံ၊ ကောင်းသောစကား ကိုပြုခြင်း ဆိုရာ၌ဘာဝနာနှလုံး ငြိမ်သက်တည်ကြည် ခြင်း ဖြစ်သော ဘာဝနာမဂ်သို့ဆိုက်နိုင်မည်မဟုတ်၊ အထွေထွေ ကောင်း သော အကြံ၊ ကောင်း သောစကား ၊ ကောင်း သောအမှုကိုပြုလုပ် အောက်မေ့ ရ သည်၊ ဝိတက်အများ တိုး ပွါး ဖြစ်ပြန်ရသည်၊ ထိုမှတပါး ဣမသ္မိံကာယေ၊ ကေသာ၊ လောမာ၊ နခါ၊ ဒန္တာအစရှိ သောသုံး ဆယ့်နှစ်ပါး ဖြစ်ခြင်း အကြောင်း ကိုဆင် ခြင်ရသည်ဆိုသည့်စကား ၊ သုဘကမ္မဋ္ဌာန်း ဆိုသည်၌လည်း သေပြီး ၍သင်္ချိုင်း ပို့ ရောက် သောအကောင်ပုပ်တွင် မြေခွေး အစရှိ သောသတ္တဝါတို့ကိုက်ဖြတ်၍အပိုင်း ပိုင်း နေခြင်း စသည်ကိုရှုဆင်ခြင်ရမည်ဆိုသည့်စကား များ တွင်လည်း သုံး ဆယ့် နှစ်ပါး အကျယ်နှင့်သင်္ချိုင်း ၌ပစ်ထား သောဖူး ဖူး ရောင် သောအကောင်ပုပ် ကိုရှုဆင်ခြင်ရသည်ဟုစာပေကျမ်း ဂန်ထွက်ရှိသည်ယူကြလေသည်၊ ဆင်ခြင်ရသည့်အ ကြောင်း ကား ၊ အဇ္ဈတ္တ၊ နဇ္ဈတ္တဖြစ်သောတရား ကို အောက်မေ့ဆင်ခြင်၍ မိမိကိုယ်တွင်း ၌ရှိ သောအစာ ဟောင်း သက်ရှိန် ရောက်သည်ကာလမိမိကြင်ငယ် ရေမျှော်၍စား မြိုထမင်း နှင့်စား နိုင်မည်မဟုတ်၊ မိမိတံထွေး ချွေး များ ကိုခွက်ဖြင့်ခံ၍ သောက် စား နိုင်မည် (မဟုတ်)၊ ကိုယ်တွင်း ပင်ရှုဆင်ခြင်လျှင်ငြိမ်ရှာစက်ဆုတ်လေတော့သည်၊

ကိုယ်၌ဖြစ်သည်နှလုံး သွင်း လျှင်သူတပါး တို့ကိုယ်တွင်း၌ဖြစ်သမျှမှာ အဘယ်ဆိုဘွယ်ရှိအံ့နည်း ဟု အောက် မေ့ဆင်ခြင်အပ်သည်၊ ထွက်သက် ဝင်သက်အာနာပါနကိုတကြောင်းတည်း ဖြစ် အောင်ဆင်ခြင်မှုနှလုံး စွဲယူမှတ်ကုန်ရာသည်။

ဦး ဖြိုး ခေါင်း တုံး ရိတ်၍ ရဟန်း သာမဏေပြုလုပ်ကြသည်မှာလည်း ပြုလုပ်ကြသည့်ကာလ၊ သိကာလ၊ ဝဋ္ဋ၊ ဒုက္ခ၊ နိသရဏနိဗ္ဗာနသ၊ သစ္ဆိကရိယာ၊ ဣမံကာသာဝံ၊ စသဖြင့်အလုံး စုံ သော သံသရာ ဝဋ်ဆင်း ရဲမှလွတ် မြောက်ပါရခြင်း အကျိုး ငှါ၊ သင်္ကန်း ကိုယူ တော်မူ၍ ရဟန်း သာမဏေပြု တော်မူပါဟု တောင်း ပန် စေသည်၊ ဆရာဆိုသူကလည်း ထိုသူလက်၌ရှိ သော သင်္ကန်း ကိုယူသည်၊ နောက်တဖန် ရဟန်း သာမဏေပြုလုပ်(လို)သူတို့ကအရှင်ဘုရား လက် တော်၌ရှိ သော သင်္ကန်း ကိုအကျွန်ုပ်အား ပေး ၍ ရဟန်း သာမဏေပြု တော်မူပါဟု တောင်း ပန်သည်တွင်မှဆရာဆိုသူလက်၌ရှိ သော သင်္ကန်း ကို ပေး သဖြင့်ဦး ဖြိုး ရိပ် စေ၍ထိုအဝတ်ကို ဝတ်လျှင်ရဟန်း သာမဏေဖြစ် လေ တော့သည်၊ ဝဋ်တရား တလွတ်၍နိဗ္ဗာန်ချမ်း သာကိုရ လေ တော့မည်ရည်၍ပြုလုပ်ကျင့်ဆောင်သည်များ ကို ပေး သူလည်း တရား မရှိ၊ ယူသူလည်း တရား မသိ၊ နှစ်ဦး ပင်အကျိုး မရှိ၊ မဟုတ်မမှန်ဝဋ္ဋရား ကျွတ်လွတ်ခြင်း ၊ နိဗ္ဗာန်ကိုရခြင်း အ ကြောင်း နှင့် မဆိုင်၊ ဘုရား ရဟန်း ပြုသည့်ပဗ္ဗဇ္ဇာသုတ်တွင်လည်း ပါဏာတိပါတအစရှိ သောတရား လေး ပါး ကိုကျင့်ဆောင်ထိန်း သိမ်း ခြင်း ၊ အိမ်ယာ ထောင်ခြင်း ကိုပယ်ခြင်း ၊ ထိုမှတပါး ဘာဝနာကိုပွါး စေခြင်း အ ကြောင်း တရား များ သာဝဋ်တရား ကျွတ်လွတ်၍ နိဗ္ဗာန်ကိုရခြင်း အ ကြောင်း ဖြစ်သည်ဟုထွက်ရှိသည်၊ ရဟန်း သာမဏေပြုလုပ်ကျင့်ဆောင် သော သူတို့မှာ ရဟန်း တို့ကျင့်ဝတ်ကု ဋေတသိန်း အကျင့်သိက္ခာပုဒ်ရှိသည်ဆိုသည်၊ ထိုကု ဋေစုတွင်လည်း မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက် ကြောင်း ဖြစ် သော ဘာဝနာမဂ်တရား မပါ၊ ဘာဝနာတရား ကိုတိမ်မြုပ် အောင်များ စွာအကျင့်သိက္ခာထား လေသည်သာ၊ အဝတ်သင်္ကန်း ကိုတရား မဟုတ်၊ ပါဏာတိပါတာအစရှိ သောတရား လေး ပါး နှင့်အာနာပါနာဘာဝနာများ ကိုနှလုံး ဖြင့်မ ပျောက် မကြား စေရ၊ နိုင်နင်း အောင်ထိန်း သိမ်း ကျင့် ဆောင်သူသာသာမဏေလည်း မည်၏၊ ဘိက္ခုလည်း မည်၏၊ သီအပ်မှတ်အပ်၏၊ အတုအ ယောင် ဆောင်ပြီး လျှင်အကျင့် တရား မရှိ၊ ဦး ဖြိုး ရိတ်၍အဝတ်သင်္ကန်း ကိုပင်တရား ခဲ့သို့စွဲလမ်း ၍ပြုလုပ်ကျင့်

ဆောင်သူတို့သည်နိဗ္ဗာန်နှင့်မဆိုင်၊မိစ္ဆာစင်စစ်ဟုမှတ်အပ်ကုန်ရာ၏။ သောတာ
ပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်ဟူ၍ မဂ်လေး ချက်စာပေ
တွက်ရှိသည်ဟုယူကြသည်။ မဂ်လေး ချက်မဟုတ်၊ မဂ်ဆိုသည့်အရာလည်း တကြောင်းတည်း
သာဖြစ်သည်။ သောတာပန်မှာ (ပယ်သည့်) မဂ်တခြား ၊ သကဒါဂံမှာပယ်သည့်မဂ်
တခြား ၊ အနာဂါမ်မှာပယ်သည့်မဂ်တခြား ၊ ရဟန္တာမှာပယ်သည့်မဂ်တခြား မ
ဟုတ်၊ သောတာပန်ပုဂ္ဂိုလ်တွင်အဋ္ဌိဖြစ်သည်အခိုက်ကျန်မည်ဖြစ်သည့်အခါလည်း ကျန်မည်၊
ရုတေသည့်အခါလည်း ကျန်မည်၊ ဤသုံး ချက်ညီလျှင်ဘဝမဖြစ်၊ အရဟတ္တမဂ်သည်ခန္ဓာ
ငါး ပါး ၊ အဋ္ဌိနဋ္ဌိသဒ္ဒါရမှလွတ် သောစိတ်နိဗ္ဗာန်တရား ဖြစ်၏။ သောတာပန်မှာ
ခုနစ်ဘဝမဂ်နှင့်တကွပဋိသန္ဓေနေ၍ ခုနစ်ဘဝစေ့မှနိဗ္ဗာန်ကိုရလေသည်ဆိုသည့်
စကား မှာလည်း မဂ်နှင့်ပဋိသန္ဓေနေခြင်း မဟုတ်၊ မဂ်တရား ကိုမပြတ်ပွါး သ
ဖြင့်ခုနစ်ရက်မျှဖြတ်ခြင်း ရှိသည်တွင်မဂ်မဖြစ်ရသည့်အခါရုတေရသောကြောင့်
သောတာပန်ဘဝဖြစ်ပြန်သည်၊ ထိုမဂ်ဖြစ်ခဲ့သူ သောသတ္တဝါသည်သူတော်ကောင်း
ဝါသနာထုံသည်အခိုက်ဖြစ်လါဖြစ်လါသည်တွင်းတိုးပွါး၍ မဂ်ကိုပွါး သဖြင့်အစဉ်အတိုင်း ခု
နစ်ဘဝရောက်သည့်ကာလဆိုခဲ့ပြီး သောအဋ္ဌိဖြစ်ခိုက်မဂ်ဖြစ်ခိုက်ရုတေသည့်အခါကြုံ
ကြိုက်သဖြင့်သုံး ပါး လုံး ညီသောကြောင့်သဒ္ဒါရမှလွတ်၍ စိတ်နိဗ္ဗာန်တရား ဖြစ်သည်၊
သကဒါဂံ၊ အနာဂါမ်၊ ရဟန္တာဘုရား မှစ၍သည်ကဲ့သို့ချည်း သိကုန်ရာသည်၊ တကြိမ်တ
ခါတည်း နှင့်မဂ်ဖြတ်ပယ်နိုင်သည်မဟုတ်၊ တခဏမျှဖြတ်ခြင်း ၊ အကြာအား ဖြင့်ခုနစ်
ရက်မျှဖြတ်ခြင်း သာဖြတ်ပယ်နိုင်သည်၊ နောက်လည်း အဋ္ဌိနဋ္ဌိသဒ္ဒါရတရား ဖြစ်မြဲ
ဖြစ်ပြန်၊ သွား ခြင်း ၊ လာခြင်း ၊ စား ခြင်း ၊ သောက်ခြင်း ၊ အိပ်ခြင်း ၊ နေ
ခြင်း၊ သတ္တဝါတို့အား တရား ဟောခြင်း ၊ ချွတ်ခြင်း များ ကိုပြုပြင်ရသည်ဟုသိအပ်
မှတ်အပ်ကုန်ရာသည်၊ သတ္တဝါတို့ဖြစ်လာသည့်အကြောင်း တရား ဆိုသည်မှာလည်းသုပ္ပါ
ဒေယျအဋ္ဌည္ဉသုတ်တွင်အာသဘာရာဇာဗြဟ္မာကြီး တို့ရှုတေ၍ကာမဘုံတွင်ကိုယ် ရောင်ကိုယ်
ဝါနှင့်တကွဖြစ်လာသည်၊ မြေဆီကိုစား၍ကိုယ် ရောင်ကိုယ်ဝါကွယ်သည်၊ ထိုနောက်မှို
ငုံနှင့်တူသော မြေလွှာကိုစား သည်၊ ထိုနောက်ပဒါလတာနွယ်ကိုစား သည်၊ ထို
နောက်သလေး ဆန်ကိုစား သည်၊ ထိုသလေး ဆန်ကိုစား ရာတွင်မှမိန်း မ၊
ယောကျာ်း ဖြစ်၍တဏှာဖြင့် ပေါင်း ဘက်ရှက်တင်ကြရာ[illegible] များ ပေါ်ညင်ပု

ဆိုသည်၊ ထိုမှကား ကိုးဆွဲပြုန်ဘုရိဒတ်ဇာတ်ပေါင်း တွင်လည်း ၁၆၊ အထသာရ၁၊ နတ်ဗြဟ္မာတို့၊ ခန္တာ လျှော့ဖြတ်၊ တာမခေါတ်ဖြင့်၊ ဥပါဒ်တင်ပြ၊ ဖြစ်ကုန်ကြသော်၊ ကမ္ဘမိန္ဒိ၊ တန်နိုး ရှိ၍၊ မိမိကိုယ်ရောင်၊ တပြောင်ပြောင်နှင့်၊ မိုက်မှောင် ပျောက်ပယ်၊ ကောင်းကင်လယ်၌၊ ငှက်နှယ်ဝဲပျံ၊ ထွန့်မြူး စံ၍၊ တရံရောခါ၊ မြေပြုဇာဖြင့်၊ ပတလဟာ၊ ရသာနွယ်ရှို၊ အလိုစား ပြီး ၊ ဆံချည်း သီး သာ ၊ လုံး ကြီး မကျုံး ၊ စိုး ရှိုး တည့်၊ စား ဘွယ်ရှိသည်၊ သာလိဘက္ကလွှရရှကို၊ စား ကြ သောအခါ ၊ ရမဂ်ပွါး ၍၊ ယောကျ်ား မိန်း မ၊ ဖြစ်သထိုရော်၊ မေ့လျော်မ ပျက်၊ အိမ်ထောင်ယှက်မှ၊ စဉ်ဆက်သား မြေး ၊ မွေး လေရာတွင်၊ ပုညာပုညာ၊ သကမ္ဘ ကြောင့်၊ ဂေါ်တ္တ လေး ပါး ၊ နောက်မှပွါး သည်ဟုစပ် တော်မူ လေ၏။

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အရှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့် တော်ရှိသည်၊ ပြည်သူသတ္တဝါအ ပေါင်း တို့အား အကျိုး စီး ပွါး များ စိမ့်သော အကြောင်း ကိုကြံစည် တော်မူ၍ မူဏ္ဍာဘိသိက်ခံ တော်မူ၍ဘိသိက်သွန်း လောင်း တော် မူသောအခါမင်း သမီး ၊ ပုဏ္ဏား ၊ သူကြွယ်၊ သုံး ဦး သား ခရုသင်း သုံး လုံး ဖြင့် ဘိသိက်သွန်း ရသည့်ထုံး စံကို ယောက်လျှင်ကမ္ဘာဦး ကာလအမျိုး လေး ပါး သာ ရှိသည် ဖြစ်၍ကမ္ဘာဦး တဖြစ် သောထုံး စံသည်မပျက် ကောင်း ၊ သဿမေဓ၊ ပူရိသမေဓ၊ သမ္မာပါသ ဝါဇပေယျသင်္ဂဟတရား လေး ပါး လည်း တရား မူလဖြစ်သည်၊ တရား အမှန်အကန်မကျင့်မ ဆောင်ကြ၊ ပဝတ္တိကာလဖြစ် သော်လည်း ငါအသျှင်ဧကရာဇ်မင်း မြတ်လက်ထက်တရား ကိုဆင်ခြင်သိမြင် တော်မူ၍ ရှိသည်ကိုဆိုင်သူသတ္တဝါတို့ဆင်း ရဲခြင်း မရှိစေရ၊ အခွန်အတုတ်ဆိုသည့်အရာမှာလည်း ပြည်သူပြည်သား တို့တမဆက်သသော် လည်း ပြည်သူပြည်သား တို့အား မထိမပါး စေရ၊ အရပ်ရပ်အသုံး အဆောင်များ

တိုင်းပင် ကြေး တော် ငွေ တော်နှင့်သုံး ဆောင် တော်မူ၍အလုံအ လောက်ပင် ဖြစ်သည်၊ သို့ သော်လည်း ပြည်သူတို့တွင်တရား မမှန်ပျက်စီး ယိုယွင်း လျှင်တိုင်း ကား သာအံ့ သောအကြောင်း မဟုတ်၊ ပြည်သူတို့၌လည်း အဒိန္နဒါနကံမကောင်း ၊ အပယ်ဆင်း ရဲသို့ရောက်မည်ကို ယောက် တော်မူသဖြင့်သဿမေဓတရား တည်ထွန်း စေခြင်း ငှါ တိုင်း နိုင်ငံ တော်အတွင်း သူကြီး ၊ မြေတိုင်၊ ပြည်စိုး တို့ကို ခေါ်၍ စာရင်း စစ်

တော်မူမည်၊ ဝိပတ္တိကာလဖြစ်သော်လည်း ပြည်ရွာမငြိမ်မဝပ်ဆင်းရဲရာသော အကြောင်းကိုမကြံစေရ၊ သမ္ပတ္တိဖြစ်စေခြင်း၊ အကျိုး စီး ပွါး များ စေခြင်း 1783 သို့ရောက်အောင် မြေတိုင်သူကြီး တို့လည်း သက္ကရာဇ် ၁၁၄၅ ခုသိမ်း ရင်း သား တိုး နွေး ပွါး တိုး ဆုတ်နှင့်တထွ စာရင်း တော်အမှန်အကန် ပေး ဆက်စေ၊ စာရင်း စစ်ကြောရန်ကိုလည်း ဝန်ထောက် မြေစွန်း ဝန်ကျော်ထင် နော်ရထာက ရောက် သမ္ဘူသူကြီး မြေတိုင်တို့ကိုစစ်ကြော၍ မြေတိုင်တို့မြို့ရွာသို့ပြန်သွားစေ။

